ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ရက်၊ တနင်္ဂနွေနေ့၊ (24-4-2011)(၆၇၃၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်များစွာရရှိနေ မိမိတို့အစိုးရလက်ထက်တွင် ယင်းအမွေခံကောင်းကို ဆက်ခံရယူပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို အသစ်ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၁၁)တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၃

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၁)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယသမ္မတများ ဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

အစည်းအဝေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့အစိုးရလက်ထက်တွင် ပထမဆုံးအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

မိမိတို့ ပြည်ထောင်စုကြီးအတွင်း ရေခြား၊ မြေခြား ဖြစ်နေသည့် ဒေသများကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဆက်စပ်ပေးရမှာဖြစ်။ အပြန်အလှန် ကူးသန်းသွားလာဆက်သွယ်နိုင်အောင် လမ်း၊ တံတားများ ဖောက်လုပ်ပေးပြီး အချင်းချင်း အပြန်အလှန် ဆက်သွယ်ကူးသန်းသွားလာဆက်ဆံကြရာမှ တွေ့ဖုန်များသည့်အခါ ရင်းနှီးလာမည်၊ မြင်ဖန်များသည့်အခါ ချစ်ခင်လာမည်။

ဆွေးနွေး တင်ပြ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

ကြေးမုံ The Mirror
၂၄-၄-၂၀၁၁
(တနင်္ဂနွေနေ့)

အရွယ်တင်နုပျိုလန်းဆန်းအောင် နည်းလမ်းကောင်းများဆောင်

လူတိုင်း လူတိုင်း အသက်ရှည်ပြီး ကျန်းမာကြံ့ခိုင်ခြင်းဖြင့် သာယာချမ်းမြေ့သောဘဝကို ရရှိနိုင်ကြပေမည်။ ပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများနှင့်အညီ စနစ်တကျ နေထိုင်စားသောက်ကြရန် လိုအပ်သည်။

လူသားတိုင်း မလွဲမသွေ ကြုံတွေ့ကြရမည့် အိုမင်းလာခြင်းကို သဘာဝထက် နှေးကွေးစေမည့် နည်းလမ်း ကောင်းများကို ကျန်းမာရေးသုတေသီများ ဖော်ထုတ်တွေ့ရှိနေကြပြီဖြစ်သည်။ ယင်းအချက်များတွင် ဓာတ်တိုးပစ္စည်းကြွယ်ဝသော အစားအသောက်များကို ရှောင်ကြဉ်သင့်ကြောင်း ဖော်ပြထားသည်။ နေ့စဉ်စားသောက်ရာတွင် ဓာတ်တိုးပစ္စည်းပါဝင်မှုများပါက ဆဲလ်အတွင်းရှိ DNA ကို ပျက်စီးစေသည့်အပြင် သွေးတိုး၊ နှလုံး၊ ဆီးချို၊ အဆစ် အမြစ်ရောင်၊ သတိမေ့၊ ကင်ဆာရောဂါအမျိုးမျိုးနှင့် အိုမင်းရင့်ရော်ခြင်းတို့ကို ဖြစ်စေနိုင်ကြောင်းသိရသည်။

ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ အသားကင်စားသောက်ခြင်း၊ ဓာတ်ရောင်ခြည်သင့်ခြင်း၊ နေလောင်ခြင်းစသည်တို့သည် အိုမင်းမှု၏ အကျိုးဆက်အဖြစ် ကာယအား၊ ဉာဏအားကျဆင်းခြင်းများဖြစ်နိုင်၍ ရှောင်ကြဉ်သင့်သည်။ ပန်းသီး၊ လိမ္မော်သီး၊ စပျစ်သီး၊ ပန်းဂေါ်ဖီစိမ်းစသည့် အစိမ်းရင့်ရောင်၊ အနီရောင်၊ အဝါရောင် ရှိသည့် ဟင်းသီးဟင်းရွက် သီးနှံများသည် ဓာတ်တိုးကာကွယ်ပစ္စည်းများပါဝင်သဖြင့် ဇရာကို နှေးကွေးစေသည်။ အဆိုပါ အစားအစာများကို ရေဖြင့်အထပ်ထပ်ဆေးကြော၍ စားသုံးခြင်း၊ အော်ဂဲနစ်သီးနှံများ ဝယ်ယူစားသုံးခြင်းတို့ကို ပြုလုပ်သင့်သည်။

အစားအသောက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပါက အသားဓာတ်နှင့်အဆီဓာတ်များပေါင်းပြီး အဆိုပါ ဒြပ်ပေါင်းကြောင့် အိုမင်းမှု သိသာမြန်ဆန်လာစေသဖြင့် ဆင်ခြင်စားသုံးသင့်သည်။ အထူးသဖြင့် အချိုလျှော့စားသုံးသင့်သည်။ ထို့အပြင် ခန္ဓာကိုယ်ရောင်ရမ်းမှု၊ ကင်ဆာနှင့် ဆီးချိုရောဂါဖြစ်မှုတို့သည် အိုမင်းရင့်ရော်စေသည်။ နနွင်း၊ ချောကလက်အညို၊ လတ်ဆတ်သည့်အသီးအရွက်၊ ကြက်သားဟင်းလျာများ စားသုံးသင့်သည်။

စိတ်ဖိစီးမှု နာတာရှည်ဖြစ်လာသည့်အခါ နှလုံးခုန်နှုန်းနှင့် သွေးပေါင်ချိန် မြင့်တက်စေသည်။ သောကအားလုံး ခေါင်းထဲစုထည့်ပြီး အချိန်ပြည့်ခံစားနေတတ်ပါက ပြုပြင်သင့်သည်။ တရားရှုမှတ်ခြင်း၊ သမထထိုင်ခြင်းစသည်တို့သည် စိတ်ဖိစီးမှုကို သက်သာစေသည်။ ငြိမ့်ညောင်းသည့် ဂီတသံများ နားထောင်ခြင်း၊ အပန်းဖြေခရီးထွက်ခြင်း၊ မိတ်ဆွေများနှင့် တွေ့ဆုံစကားပြောခြင်းစသည်ဖြင့် ဘဝကိုပေါ့ပေါ့ပါးပါး ဖြတ်သန်းကြရပေမည်။

လူတိုင်း လူတိုင်းက ဖန်တီးပြုလုပ်ထားသော ဓာတ်တိုးပစ္စည်းများကို ရှောင်ရှား၍ သဘာဝမှရရှိသော သန့်ရှင်းလတ်ဆတ်သည့် အစားအစာများ မျှမျှတတစားသုံးခြင်း၊ ရေရှည်စိတ်ဖိစီးမှုမဖြစ်အောင်နေထိုင်ခြင်း၊ ခန္ဓာကိုယ်တတ်နိုင်သမျှ ရောင်ရမ်းခြင်း၊ မဖြစ်အောင်နေထိုင်ခြင်း နည်းလမ်းများကျင့်သုံးခြင်းတို့ဖြင့် အရွယ်တင်နုပျို လန်းဆန်းမှုကို သွယ်ဝိုက်၍ အကျိုးပြုလာနိုင်မည် ဖြစ်ပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပျော်ဘွယ်-ပျဉ်းမနား-ရေနီ-တောင်ဖီလာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ တိုးမြှင့်ဖြည့်ဆည်းပေးမည်

နေပြည်တော် ဧပြီ ၂၃

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးနိုင်ရန်အတွက် ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့များ တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရန် အရှည်မိုင် ၉၇ မိုင်ရှိ ပျော်ဘွယ်-ပျဉ်းမနား-ရေနီ-တောင်ဖီလာ ၁၂ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပျော်ဘွယ်မြို့မှ ပျဉ်းမနားမြို့အထိ အရှည်မိုင် ၆၃ မိုင်ခန့် ဆက်သွယ်ပြီးစီးလျက်ရှိပြီး ကျန်ရှိနေသေးသော ပျဉ်းမနား-ရေနီ-တောင်ဖီလာအပိုင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပျော်ဘွယ်-ပျဉ်းမနား-ရေနီ-တောင်ဖီလာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ၂၀၁၃ခုနှစ်တွင် ဆက်သွယ်ပြီးစီးမည့် မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် မကွေး-ပျော်ဘွယ်- ပင်းပက် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် ချိတ်ဆက်၍ သဘာဝဓာတ်ငွေ့များကို ရမည်းသင်း-ပျော်ဘွယ်-ပျဉ်းမနား-လယ်ဝေး- ရေတာရှည်မြို့နယ်များအတွင်းရှိ စက်ရုံ၊အလုပ်ရုံများသို့ ဖြန့်ဖြူးပို့လွှတ်ပေးသွားနိုင်မည်ဖြစ်သည်။

ဆွေးနွေးမှာကြား

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်နေသော နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် သစ်စိပ်ပင်ကျေးရွာနှင့် ကင်မွန်းတန်းကျေးရွာအနီးရှိ အဆိုပါလုပ်ငန်းခွင်ကို ယနေ့မွန်းလွဲပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငြေး သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပိုက်များ လုပ်ငန်းခွင်သို့ သယ်ယူရောက်ရှိမှုနှင့် ပိုက်ဆက်သွယ်ခင်းကျင်းပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ပြည်ထောင်စုဝန်ကြီးက ပိုက်လိုင်းများ စနစ်တကျနှင့် ဂဟေသားကောင်းမွန်စွာ ဆက်သွယ်ရေး၊ သံချေးစားကာကွယ်ဆေးသုတ်ခြင်းကို အထူးဂရုပြုဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့ရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်သွားကြရေးနှင့် ပိုက်လိုင်းတစ်လျှောက် လုံခြုံမှုရရှိအောင် သတ်မှတ်အနက်ပေအတိုင်း တိကျစွာ မြေမြှုပ်နှံထားရှိရေးတို့ကို ဆွေးနွေးမှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

အားပေးစကားပြောကြား

ဆက်လက်၍ ပျဉ်းမနားမြို့ရှိ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲကို ရောက်ရှိရာ ဌာနခွဲမန်နေဂျာက စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှုနှင့် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်သုံးဆီ အမျိုးအစားအားလုံး ဖြန့်ဖြူးနိုင်ရေး၊ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး ဂရုစိုက်ဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဌာနခွဲအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၅ ၇။ အကပြိုင်ပွဲ
- ၈း၂၅ ၈။ တေးဂီတအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ "ရင်နှစ်ပန်းတို့လန်းစေချင်"
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၃၆)**
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် "အလင်းဖျော့ကောင်းကင်" (ရန်အောင်၊ မေသန်းနု၊ လင်းဇာနည်ဇော်) (ဒါရိုက်တာ-မီးပွား)**
- ၂း၅၀ ၇။ International News
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၂၅ ၄။ နားဝင်ပီယံသူ့လက်သံ
- ၄း၃၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ရူက္ခဗေဒအထူးပြု) (ရူက္ခဗေဒ)
- ၄း၄၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၇။ တေးသရုပ်ဖော်အစီအစဉ်
- ၅း၀၅ ၈။ ဆိုကြမယ်ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ **ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း"(အပိုင်း-၁၆)**
- ၆း၄၀ ၁၂။ **တစ်မျက်နှာ၊ တက်ကွက်စာ "သမီးမက်သူ" (ဇာတ်သိမ်းပိုင်း) (မိုးထက်ပိုင်၊ တေဇ၊ မိုးကောင်း၊ ရန်နိုင်၊ နေလ၊ ဟိန်းဇေ၊ ဦးခိုင်တင်၊ မေဟသ်ာ၊ ခိုင်ပွင့်၊ ဆုဝတီမိုး၊ ဂျူးဂျူးကေ၊ သဇင်ထူးနိုင်၊ ဒေါ်ခင်မို့မို့အေး) [ဒါရိုက်တာ-မေတင်(MMG)]**
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း"(အပိုင်း-၅)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ"(ဒုတိယတွဲ) (အပိုင်း-၈)**
- ၁၈။ **မြန်မာရုပ်ရှင် "ဧည့်သည်"(အပိုင်း-၂) (သုမောင်၊ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-မောင်နန္ဒ)**
- ၁၉။ "ရင်လှိုင်းခတ်သံ တေးသီဟန်"
- ၂၀။ အစီအစဉ်ပြီး၏။

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငြေး ပျော်ဘွယ်-ပျဉ်းမနား-ရေနီ-တောင်ဖီလာ ၁၂ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဧပြီ ၂၃

နေပြည်တော် ရေပြာတပ်မတော် ဂေါက်ကွင်းတွင် ဧပြီ ၉ ရက်က ကစားဖော်များဖြစ်သည့် ဦးညီညီထူး (ထူးဆေးခန်း)၊ ဦးကျော်လွင် (သစ်တော)၊ ဦးမျိုးလှိုင် (တော်ဝင်ရွှေဆိုင်)တို့နှင့်အတူ ဦးကျော်ဝင်း (ဆိုယူဓာတ်ပုံ) သည် ၁၄၆ ကိုက် အကွာအဝေးရှိ ကျင်းအမှတ် ၁၆ သို့ Precept Ev No-4 ဘောလုံးကို Scorpion Iron No-8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရှိရသည်။ (ကြေးမုံ)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၁၁) သို့ တက်ရောက် လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုအစိုးရ၏ အာဏာစက်သည် နယ်စပ်အစွန်အဖျားထိရောက်ရှိရန် အရေးကြီး

သို့မှသာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ ပီပြင်အောင်ဆောင်ရွက်နိုင်မှာဖြစ်ပြီး တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်

☆ရွှေ့ဖုံးမှ

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းမှု Peace and Stability ရှိရေးသည် အဓိကအရေးအကြီးဆုံးအချက် ဖြစ်ကြောင်း။

လူမျိုးပေါင်း (၁၀၀)ကျော်ဖြင့် စုစည်းနေထိုင်လာခဲ့ကြသည့် မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုမရှိလျှင် တည်ငြိမ်အေးချမ်းမှု Peace and Stability လည်း မရရှိနိုင်သည့်အတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်အောင် တည်ဆောက်ရေးကို အထူးအလေးထားပြီး အစိုးရအဆက်ဆက် ဆောင်ရွက်လာခဲ့ကြရခြင်းဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု မရှိခဲ့ကြသဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရမည့်အစား နယ်စပ်ဒေသများတွင် သောင်းကျန်းသူမျိုးစုံပေါ်ပေါက်ခဲ့သည့်အတွက် နယ်စပ်ဒေသများမှာ ဖွံ့ဖြိုးတိုးတက်မှု များစွာနောက်ကျကျန်ရစ်ခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အစိုးရလက်ထက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို တိုင်းပြည်၏ မူဝါဒအဖြစ်ချမှတ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲလျှင် ပြည်ထောင်စုကြီးလည်း အစိတ်စိတ်အမွှာမွှာပြိုကွဲပြီး အချုပ်အခြာအာဏာပါ လက်လွတ်ဆုံးရှုံးသွားနိုင်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရအောင် မူဝါဒတစ်ရပ်ချမှတ်ပြီး တိုင်းရင်းသားအများစုနေထိုင်ကြသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

၁၉၈၉ ခုနှစ် မေလအတွင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းပြီး ဝန်ကြီးဌာနတစ်ခုကိုပါ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည့်အတွက် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ အရှိန်အဟုန်များစွာ ရရှိနေပြီဖြစ်ကြောင်း။

မိမိတို့အစိုးရလက်ထက်တွင် ယင်းအမွေခံကောင်းကို ဆက်ခံရယူပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားရန် တာဝန်ရှိလာခဲ့ပြီဖြစ်ကြောင်း။

ဤတာဝန်ကို ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအဆင့်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနတစ်ခု ရှိနေပြီဖြစ်သည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင်လည်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများ ရှိနေပြီဖြစ်သည့်အတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တို့ ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို အသစ်ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း။

တိုင်းရင်းသားနယ်မြေများအလိုက် ရေမြေသယံဇာတ၊ သဘာဝအရင်းအမြစ်များမတူကြဘဲ ကွဲပြားခြားနားမှု ရှိကြမှာဖြစ်သော်လည်း ဆူကြုံနိမ့်မြင့်ကွာဟမှု နည်းနိုင်သမျှနည်းပါးစေရန်၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍအသီးသီးကို တိုးမြှင့်ဆောင်ရွက်ပေးသွားကြရမှာဖြစ်ကြောင်း။

ရှေးခြားမြေခြား တစ်သီးတခြားစိတ်ဓာတ်များပျောက်ပြီး ပြည်ထောင်စုစိတ်ဓာတ်များ ပေါ်ပေါက်လာအောင် တစ်ရေတည်း၊ တစ်မြေတည်း တစ်ဆက်တစ်စပ်တည်းဖြစ်သွားအောင် အထူးသဖြင့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်အောင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်ပေးမှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲပြီး ပြည်ထောင်စုကြီး မပြိုကွဲမပျက်စီးအောင် ကာကွယ်စောင့်ရှောက်သွားနိုင်မှာ ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရ၏ အာဏာစက်သည် နယ်စပ်ဒေသအစွန်အဖျားအထိ တစ်တိုင်းတစ်ပြည်လုံး ပျံ့နှံ့ရောက်ရှိရန် အရေးကြီးကြောင်း၊ သို့မှသာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို ပီပြင်အောင်ဆောင်ရွက်နိုင်မှာဖြစ်ပြီး တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာအကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စွန်နယ်ဖျားများတွင် မြို့နယ်ခွဲများကို ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ မြို့နယ်ခွဲဆိုသော်လည်း မြို့နယ်တစ်ခုကဲ့သို့ပင် အင်္ဂါစုံအောင် ဖွဲ့စည်းပေးထားပြီးဖြစ်သည့်အတွက် မြို့နယ်ခွဲများ၏ လုပ်ငန်းများ ထိရောက်အောင်မြင်အောင် ကြိုးကြပ်ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

နယ်စပ်ဒေသများတွင် တစ်ဖက်နိုင်ငံကို အထင်ကြီးအားကိုးသည့် စိတ်များပျောက်အောင်၊ တစ်ဖက်နိုင်ငံထက် သာလွန်ဖွံ့ဖြိုးတိုးတက်အောင်၊ ကိုယ့်နိုင်ငံ ကိုယ့်ဒေသအပေါ် ချစ်ခင်မြတ်နိုးပြီး ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့်အတူ ယုံယုံကြည်ကြည် လက်တွဲပူးပေါင်းပြီး ဆောင်ရွက်လာအောင်၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်စေလိုသည့် မိမိတို့၏စေတနာကို နားလည်သဘောပေါက် ယုံကြည်လက်ခံလာအောင် မိမိတို့လက်တွေ့လုပ်ကိုင်ပြသကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ပြည်ထောင်စုအစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဗဟိုကော်မတီ၌ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်တာဝန်ယူပြီး တိုးတက်အောင်မြင်အောင် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ မူဝါဒနှင့်လုပ်ငန်းစဉ်များကို ဗဟိုကော်မတီကချမှတ်ပေးပြီး ၎င်းမူဝါဒများ၊ လုပ်ငန်းစဉ်များနှင့်အညီ လုပ်ငန်းကော်မတီက ဆက်လက်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ပထမဆုံးအစည်းအဝေးဖြစ်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းများ ဆက်စပ်မိသွားအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများ ဖွဲ့စည်းပေါ်ပေါက်လာပြီဖြစ်သည့်အတွက် လုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်က လုပ်ဆောင်ရန်များ၊ ဆပ်ကော်မတီ၊ လုပ်ငန်းကော်မတီများက လုပ်ဆောင်ရန်များ စသည်ဖြင့် တိတိကျကျ သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရောက်ရှိသည့်အခါ ပြန်လည်တိုင်ပင်ညှိနှိုင်းပြီး လုပ်ဆောင်ရန်များ၊ လုပ်ဆောင်မည့်နည်းလမ်းများ၊ လုပ်ငန်းတာဝန်ခွဲဝေမှုများ၊ လုပ်ငန်းကော်မတီအနေနှင့်လုပ်ဆောင်ရန်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆက်စပ်လုပ်ဆောင်မည့် နည်းလမ်းများ စသည်တို့ကို ပီပီပြင်ပြင်ဖြစ်အောင် စီမံဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျယ်ပြန့်ပြီး အခြေခံကျသောလုပ်ငန်းများဖြစ်သည့်အတွက် ဗဟိုကော်မတီ၌ နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ဒုတိယဥက္ကဋ္ဌများအဖြစ် ဒုတိယသမ္မတနှစ်ဦးက တာဝန်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသများ၌ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များကြောင့် မိမိတို့နိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း စည်းလုံးညီညွတ်မှုမရှိခဲ့ဘဲ လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် ဟိုတုန်းကအမှားများ၊ ဖြစ်ရပ်ဆိုးများအတွက် သင်ခန်းစာယူ သံဝေဂရသင့်ကြပြီဖြစ်ကြောင်း၊ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များ ပပျောက်သွားစေရန် ကုစားပေးနိုင်သည့် လုပ်ငန်းများမှာ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

နယ်စပ်ဒေသများတွင် တစ်ဖက်နိုင်ငံကို အထင်ကြီးအားကိုးသည့် စိတ်များပျောက်အောင်၊ တစ်ဖက်နိုင်ငံထက် သာလွန်ဖွံ့ဖြိုးတိုးတက်အောင်၊ ကိုယ့်နိုင်ငံကိုယ့်ဒေသအပေါ် ချစ်ခင်မြတ်နိုးပြီး ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများနှင့်အတူ ယုံယုံကြည်ကြည် လက်တွဲပူးပေါင်းပြီး ဆောင်ရွက်လာအောင်၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်စေလိုသည့် မိမိတို့၏စေတနာကို နားလည်သဘောပေါက် ယုံကြည်လက်ခံလာအောင် မိမိတို့လက်တွေ့လုပ်ကိုင်ပြသ။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံပြည်သူများ စီးပွားရေးဖွံ့ဖြိုးလာစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသာမက စက်ရုံ၊ အလုပ်ရုံများပါ ပေါ်ပေါက်လာအောင် အားပေး

❖ စာမျက်နှာ ၃ မှ

ယနေ့ဖော်ဆောင်လျက်ရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ပြည်ထောင်စုကြီးအတွင်း ရေခြား၊ မြေခြားဖြစ်နေသည့်ဒေသများကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဆက်စပ်ပေးရမှာဖြစ်ကြောင်း၊ အပြန်အလှန်ကူးသန်းသွားလာဆက်သွယ်နိုင်အောင် လမ်းတံတားများ ဖောက်လုပ်ပေးပြီး အချင်းချင်း အပြန်အလှန် ဆက်သွယ်ကူးသန်းသွားလာဆက်ဆံကြရာမှ တွေ့ဖန်များသည့်အခါ ရင်းနှီးလာမည်၊ မြင်ဖန်များသည့်အခါ ချစ်ခင်လာမည် ဖြစ်ပါကြောင်း။

လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ တပ်မတော်အစိုးရလက်ထက်က နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သို့သော် ဖောက်ပြီးသားလမ်းများမှာ ကာလရှည်ကြာလာသည်နှင့်အမျှ ပျက်စီးချို့ယွင်းမှုများ ရှိလာပြီး ကူးသန်းသွားလာရေး အခက်အခဲကြုံတွေ့နေရသည်များလည်း ရှိပါကြောင်း၊ ထို့ကြောင့် ပျက်စီးချို့ယွင်းနေသည့် လမ်းဟောင်းများကို ကောင်းအောင် ပြုပြင်ရန်လိုအပ်ပါကြောင်း၊ တစ်ဖက်က လမ်းသစ်များကို တွန်းတွန်းတိုက်တိုက် ဖောက်လုပ်သွားချိန်တွင် အခြားတစ်ဖက်ကလည်း ပျက်စီးချို့ယွင်းလာသည့် လမ်းဟောင်းများကို ကောင်းအောင် ပြုပြင်ပေးကြရမှာဖြစ်ပါကြောင်း၊ ထို့ပြင် လမ်းသစ်များကိုလည်း ဖောက်လုပ်သင့်သည့်နေရာများ ဦးစားပေးရွေးချယ်ပြီး ဆက်လက်တိုးချဲ့ ဖောက်လုပ်ပေးသွားရမှာ ဖြစ်ပါကြောင်း။

အလားတူ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံပြည်သူများ စီးပွားရေးဖွံ့ဖြိုးလာစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသာမက စက်ရုံ အလုပ်ရုံများပါ ဖြစ်ထွန်းပေါ်ပေါက်လာအောင် အားပေးမြှင့်တင်ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါကြောင်း၊ စားဝတ်နေရေး ဖူလုံပြည့်စုံရေး၊ ထိုမှတစ်ဆင့်တက်၍ ချမ်းသာကြွယ်ဝရေးအတွက် သမားရိုးကျ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပြင် စက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါကြောင်း။

ပညာရေးနှင့်ပတ်သက်၍လည်း နယ်စပ်ဒေသများတွင် ယနေ့အထိ စာမတတ်သူ တော်တော်များများ ရှိနေပါကြောင်း၊ စာမဖတ်တတ်သည့်အတွက် အသိဉာဏ်မရှိ၊ အသိဉာဏ်မရှိသည့်အတွက် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိဘဲ ဥပဒေနှင့်ငြိစွန်းသည့်ကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စများ၌ ပတ်သက်ကျူးလွန်မှုများဖြစ်ကြရပါကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသများတွင် ပညာရေးကို အလေးထားပြီး အသိပညာဗဟုသုတ မြင့်မားတိုးတက်မှန်ကန်လာအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ မြင့်မားလာရေးအတွက် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်အောင်၊ ပညာရေးဝန်ထမ်းများ၏ အုပ်ချုပ်မှုကိစ္စ အဆင်ပြေအောင်၊ စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းအောင် ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း၊ ထို့ပြင် အနှစ်သာရပိုင်း ကောင်းမွန်စေရေးအတွက် စည်းကမ်းရှိအောင်၊ ကိုယ်ကျင့်တရားကောင်းအောင်၊ တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမှာဖြစ်ပါကြောင်း။

ထို့ပြင် နယ်စပ်ဒေသများ၌ ပညာရေးအဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်ပေးသည့်နည်းတူ ကျန်းမာရေးကဏ္ဍကိုလည်း အဆင့်မြှင့်တင်ပေးရမှာဖြစ်ပါကြောင်း၊ ကျန်းမာရေးအသိ ဗဟုသုတနည်းပါးသည့်အတွက် ကျန်းမာရေးနှင့်ပတ်သက်၍ ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန်၊ ဆောင်ရန်ရှောင်ရန်များ သင်ကြားပေးနိုင်ရန် လိုအပ်ပါကြောင်း၊ နယ်စပ်ဒေသရှိ ဆေးရုံ၊ ဆေးခန်းများမှ ဆရာဝန်များ၊ သူနာပြုများ အနေဖြင့်လည်း သက်ဆိုင်ရာဒေသ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် တာဝန်ယူစောင့်ရှောက်ကြရမှာ ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တတ်နိုင်သလောက် လုံခြုံစိတ်ချရသည့်ဒေသများ၊ ကျေးရွာများအရောက် ဆင်းကြရမှာဖြစ်ပါကြောင်း၊ ကျေးလက်ဒေသများ၏ ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာများကိုလည်း စနစ်တကျဖြစ်အောင် စည်းရုံးဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ ကျန်းမာရေးအသိ ဗဟုသုတနည်းပါးသည့်ပြည်သူများအတွက် ကျန်းမာရေးအဆင့်အတန်းမြင့်မားလာအောင်၊ ကျန်းမာရေးအသိပညာ ပြန့်ပွားလာအောင် လေ့ကျင့်သင်ကြားပေးကြရမှာ ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသနေ ကိုယ့်သွေးချင်းတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စေတနာအပြည့်ထားပြီး ဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ မိမိတို့ထားရှိသည့်စေတနာအပေါ် ဒေသခံများက ယုံကြည်စိတ်ချ အားကိုးလာသည်နှင့်အမျှ လက်တွဲပူးပေါင်းဆောင်ရွက်မှုကို ရရှိလာနိုင်မှာဖြစ်ပါကြောင်း၊ မိမိတို့၏စေတနာ၊ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များကို အချို့က နားလည်သဘောပေါက်မှုမရှိသေးသည့်အတွက် နယ်စပ်ဒေသအချို့တွင် ယနေ့အချိန်အထိ အခက်အခဲအချို့ ရှိနေရခြင်းဖြစ်ပါကြောင်း၊ မိမိတို့ထားရှိသည့်စေတနာ၊ မူဝါဒနှင့် ရည်မှန်းချက်များကို ဒေသခံပြည်သူများက နားလည်လက်ခံပြီး ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နှင့်အတူ ပူးပေါင်းလက်တွဲလုပ်ဆောင်လာကြပါက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအားလုံး ချောမွေ့အောင်မြင်လာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နယ်စပ်ဒေသများအရောက်ကွင်းဆင်းပြီး တကယ့်တကယ် လမ်းပန်းဆက်သွယ်မှုများ ကောင်းလာအောင်၊ ပညာရေးအဆင့်အတန်း မြင့်မားလာအောင်၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ ထိရောက်အောင်မြင်မှုရှိစေရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီက လမ်းညွှန်ချက်များချမှတ်ပေးပြီး ၎င်းလုပ်ငန်းစဉ်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နယ်စပ်ဒေသနှင့်ပတ်သက်သည့် တာဝန်ရှိဝန်ကြီးဌာနများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက လုပ်ဆောင်ရမည့်အပိုင်းများကို ပီပီပြင်ပြင်ဖြစ်အောင်ညှိနှိုင်းပြီး လုပ်ငန်းစဉ်များ ချမှတ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မိုးမကျမီ အမြန်ပြီးစီးရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

တာလေမြို့ ငလျင်ဘေးသင့်ဒေသ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ မိုးမကျမီ အမြန်ပြီးစီးရန် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပေါင်းစပ်ဆောင်ရွက်နေ

နေပြည်တော် ဧပြီ ၂၃

တာချီလိတ်ခရိုင် တာလေမြို့တွင် မတ် ၂၄ ရက်က လှုပ်ခတ်သွားခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေးအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေသည် ယနေ့နံနက် ၁၀ နာရီတွင် မဲခေါင်မြစ်ခန်းမ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆပ်ကော်မတီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီထောက်ပံ့ပေးမည့်ကိစ္စများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့်ကိစ္စများ၊ ရုပ်ပိုင်းဆိုင်ရာအပြင် စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်ကိစ္စများ၊ ကော်မတီများအနေဖြင့် ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မိုးမကျမီ အမြန်ပြီးစီးရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံပွဲတွင် ဘဏ္ဍာငွေနှင့် ပစ္စည်းများလက်ခံရေးနှင့် ထောက်ပံ့မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ အိုးအိမ်များ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် ငလျင်ဘေးလာရောက်ကူညီနေကြသော လူမှုရေးအသင်းအဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေး နယ်မြေတာဝန်ခံများ ကွင်းဆင်းကြီးကြပ်

ရန်ကုန် ဧပြီ ၂၃

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ရန်ကုန်တိုင်းဒေသကြီး နယ်မြေတာဝန်ခံ ညွှန်ကြားရေးမှူး ဦးသန်းသည် လှည်းကူးမြို့နယ်၌ ဧပြီ ၁၉ ရက်တွင် နယ်မြေခံဝန်ထမ်းအပါအဝင် တိုင်းဒေသကြီးအတွင်းမှ စုဖွဲ့ဝန်ထမ်းအင်အား ၁၁၄ ဦးအား တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်ရမည့် နည်းလမ်းများအား ရှင်းလင်းတင်ပြသည်။

ထို့အတူ မွန်ပြည်နယ် နယ်မြေတာဝန်ခံ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသည် မုဒုံမြို့နယ်တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ညွှန်ကြားရေးမှူး ဦးစောလှိုင်သည် ညောင်တုန်းမြို့နယ်တွင် လည်းကောင်း၊ ဧပြီ ၂၀ ရက်တွင် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(မြေစာရင်း)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

သီးနှံခြောက်မျိုးမှ အဆီထုတ်၍ လောင်စာအဖြစ်အစားထိုးနိုင်ရန် စမ်းသပ်ဆောင်ရွက်နေ

ရန်ကုန် ဧပြီ ၂၃

ပြည်တွင်းမှထွက်ရှိသော နေကြာ၊ အုန်း၊ ချဉ်ပေါင်၊ သင်းဝင်ဖြူ၊ နှမ်းနှင့် ပင်လယ် နှမ်းခေါ် မိကျောင်းကွမ်းဖတ်တို့မှ ထွက်ရှိသောအဆီကို လောင်စာဆီဖြင့် ရော၍ ထွန်းပါက မီးထွန်းခံကြောင်းသိရသည်။

အဆိုပါ သီးနှံခြောက်မျိုးမှ ထွက်ရှိသောအဆီကို သီးသန့်မီးထွန်းညှိ၍ အထွန်းခံပါက လောင်စာဆီအဖြစ် အင်ဂျင်များအတွင်း ထည့်သွင်းသုံးစွဲသွားမည်ဖြစ်ကြောင်း စမ်းသပ်လျက်ရှိပြီး စမ်းသပ်မှုအောင်မြင်ပါက ကျေးလက်ဒေသများအတွက် အထောက် အကူဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံနှင့် ဘိုကလေးမြို့တို့တွင် စမ်းသပ်ဆောင်ရွက်နေကြောင်း သိရှိရသည်။

(သတင်းစဉ်)

စောအောင်မိုး(ဆေးဝါးတက္ကသိုလ်)၏ ဟိုက်ပိုဟိုက်ပါနှင့် ကျန်းမာရေးဆေးဝါး ဆောင်းပါးများအကြောင်း

ရန်ကုန် ဧပြီ ၂၃

ဆေးပညာနယ်ပယ်သည် လူတိုင်းနှင့်ဆိုင်သည်။ ဆေးပညာကို ပါရဂူကြီးများလောက် မကျွမ်းကျင်သော်လည်း လူတိုင်း တီးမိခေါက်မိရှိ နားလည်ထားသင့်သည်။ ဆေးပညာနယ်ပယ်အသီးသီးမှ ပညာရှင်များက လူတိုင်းသိသင့်သော ဆေးပညာပေး ဆောင်းပါးများကို ရေးသားလျက်ရှိသည်။

ရေးသားဖော်ပြ

စောအောင်မိုး(ဆေးဝါးတက္ကသိုလ်)၏ ဟိုက်ပိုဟိုက်ပါနှင့် ကျန်းမာရေးဆေးဝါး ဆောင်းပါးများစာအုပ်တွင် အရေပြား၏အရေးပါပုံနှင့် အရေပြားထိန်းသိမ်းသင့်ပုံများ၊ လက်သည်းပေါ်က ကျန်းမာရေးပြဿနာအချို့အကြောင်း၊ မျက်လုံးကိုကြည့်၍ ခန္ဓာကိုယ်မည်သည့်အစိတ်အပိုင်းတွင် ရောဂါဖြစ်နေသည်ကို ရောဂါဗေဒရှာဖွေနည်းလမ်းအကြောင်း၊ အသက်ကိုဆွဲဆန့်မည့် သုတေသနလုပ်ငန်းများ၊ အသက်ရှည်ရန် နည်းလမ်းကိုးသွယ်၊ ကြက်သွန်ဖြူ၏ အာနိသင်၊ လက်ကို မကြာခဏဆေးပါ၊ မူးယစ်ဆေးဝါးကြောင့် ဘဝပျက်ရသည့်လူငယ်များအကြောင်း၊ ယောကျာ်းများတွင်ဖြစ်တတ်သော ဆီးရောဂါများအကြောင်း၊ ဆီးချိုရောဂါအကြောင်း၊ ဆေးလိပ်ရှောင်ရန်၊ ဆေးလိပ်သောက်သူ၏ ဆေးလိပ်ငွေ့ကို မရှူရှိုက်မိစေရန်၊ တီဘီရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါနှင့် သွားရောဂါများအကြောင်းကိုလည်း ရေးသားဖော်ပြထားသည်။

စာရေးသူက လူသားများကျန်းမာရေးအတွက် ဆေးဝါးဆိုင်ရာ ဆောင်းပါးများကို စေတနာဖြင့်ရေးသားထားသော စာအုပ်ဖြစ်၍ လူတိုင်းဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။ (သတင်းစဉ်)

ယခင် တပ်မတော်အစိုးရ တာဝန်ယူချိန်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ ယခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းများကို လုပ်ငန်းကော်မတီဥက္ကဋ္ဌက အရှိန်အဟုန်မပျက် ဆောင်ရွက်မည်

နေပြည်တော် ဧပြီ ၂၃

ယနေ့ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၁)တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းသို့ ရှင်းလင်းတင်ပြရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ၁၉၈၉ ခု မေ ၂၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီက လမ်းညွှန်ချမှတ်ပေးသည့် မူဝါဒဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကိုလည်း ၃၁-၅-၈၉ ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ယခင်တပ်မတော်အစိုးရ တာဝန်ယူချိန်တွင် ဗဟိုကော်မတီအစည်းအဝေးများက ချမှတ်လမ်းညွှန်ပေးခဲ့သည့် မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ကြီးကြပ်မှုဖြင့် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိန်တိုအတွင်းမှာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းများကို လုပ်ငန်းကော်မတီဥက္ကဋ္ဌက အရှိန်အဟုန်မပျက် ဆက်လက်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

၁၉၈၉ခုနှစ်မှစတင်ပြီး ယနေ့အထိ နယ်စပ်ဒေသအသီးသီးတွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြလိုပါကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကကျသဖြင့် နယ်စပ်ဒေသများ၏ လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်ခဲ့ရာ၌ နိုင်ငံတော်က ကျပ်သန်းပေါင်း ၂၁၂၅၃၂ ကျော် သုံးစွဲခဲ့ပါကြောင်း၊ မြေလမ်း ၄၄၇၉ မိုင်၊ ကျောက်ခင်းလမ်း ၃၂၀၂ မိုင်၊ ကတ္တရာလမ်း ၄၇၆ မိုင်၊ တံတားကြီး ၁၁၉ စင်း၊ တံတားငယ် ၁၅၆၃ စင်းနှင့် ကြိုးတံတား ၆၆ စင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီး မူလရှိပြီး လမ်းမိုင် ၃၅၉၀ ကိုလည်း ပြုပြင်ထိန်းသိမ်းပေးခဲ့ပါကြောင်း၊ ဆက်လက်၍လည်း အဓိကကျသည့်လမ်းကြီးများကို ကတ္တရာလမ်းအဆင့်မြှင့်ရေး တံတားများပိုမိုခိုင်ခံ့ရန် ဆောင်ရွက်နေသကဲ့သို့ ထပ်မံလိုအပ်သည့်နေရာများ၌ လမ်းများတိုးချဲ့ဖောက်လုပ်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကိုလည်း အထူးဦးစားပေး ဆောင်ရွက်ပေးနေပါကြောင်း၊ အခြေခံကျသည့် ပညာရေးကဏ္ဍတွင် နိုင်ငံတော်က မူလတန်းကျောင်း ၈၈၈ ကျောင်း၊ အလယ်တန်းကျောင်း ၉၂ ကျောင်းနှင့် အထက်တန်းကျောင်း ၉၄ ကျောင်း ဆောက်လုပ်ပေးထားသည့်အပြင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျောင်းပေါင်း ၈၉၂ ကျောင်း ဆောက်လုပ်ခဲ့ပြီး ကျောင်းပေါင်း ၉၅၃ ကျောင်း ပြုပြင်ပေးခဲ့ပါကြောင်း။

ထို့အပြင် ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရေး အခွင့်အလမ်းနည်းပါးနေသည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ ကျောင်း ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိပါကြောင်း၊ ယင်းကျောင်းများမှာ မူလတန်းကျောင်းသား ဦးရေ ၁၄၀၊ အလယ်တန်းကျောင်းသား ၁၈၂၉ ဦး၊ အထက်တန်းကျောင်းသား ၁၁၇၈ ဦး စုစုပေါင်းတိုင်းရင်းသားလူငယ် ၃၁၄၇ ဦးကို ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးမှာ အခြေခံပညာအပြင် အဆင့်မြင့်ပညာဆည်းပူးနိုင်ရေးအတွက် ၂၀၀၀ ပြည့်နှစ်မှစတင်၍ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပေးထားပြီး လေ့ကျင့်သင်ကြားပေးနေပါကြောင်း၊ ယခုဆိုလျှင် ယင်းဒီဂရီကောလိပ်နှစ်ခုက ဘွဲ့ရတိုင်းရင်းသားလူငယ် ၁၅၁၃ ယောက်သည် ၎င်းတို့ဇာတိဒေသများ၏ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများမှာ နိုင်ငံတော်ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်နေကြပြီးဖြစ်ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အထိ မဟာဘွဲ့ရရှိသူ ၁၂၅ ဦး မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မဟာတန်းကို ၁၆၄ ဦး၊ ပါရဂူဘွဲ့သင်တန်း ခုနစ်ဦး သင်တန်းတက်ရောက်လျက်ရှိပါကြောင်း၊ ယခု ပညာသင်နှစ်တွင်လည်း အဆင့်မြင့်ပညာ သင်ကြားတက်ရောက်ဆဲကျောင်းသား ၁၀၇၃ ဦး ရှိပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထို့အပြင် ၎င်းတို့၏ဒေသ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ပါဝင်တာဝန်ထမ်းဆောင်မည့် နယ်စပ်ဒေသတိုင်းရင်းသား/တိုင်းရင်းသူ လူငယ်များကို တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ၂၄ ဦး၊ သူနာပြုသင်တန်းကျောင်းတွင် ရှစ်ဦး၊ သားဖွားသင်တန်းတွင် ၁၀ ဦးနှင့် ပညာရေးကောလိပ်တွင် ကိုးဦးတို့ကို တက်ရောက်ပညာသင်ကြားစေလျက် ရှိပါကြောင်း။

နယ်စပ်ဒေသ အမျိုးသမီးငယ်များအား အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားပေးခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်ရည်ရွယ်၍ နယ်စပ်ဒေသအသီးသီးတွင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၃၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယနေ့အထိ နယ်စပ်ဒေသအသီးသီးမှ အမျိုးသမီးငယ် ၃၈၄၈၉ ဦးအား အိမ်တွင်းမှုပညာရပ်များ သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

ဆက်လက်၍လည်း နယ်စပ်ဒေသများတွင် တိုင်းရင်းသားလူငယ်များအတွက် လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ်စက်ပြင် စသည့် သက်မွေးပညာရပ်များ သင်ကြားပေးသည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများကိုလည်း လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားနှင့် လပွတ္တာမြို့တို့တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ကျန်းမာရေးလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတော်က **"ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသများသာမက နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန်"** ဆိုသည့် အမျိုးသားကျန်းမာရေးမူဝါဒအတိုင်း နယ်စပ်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများတွင် ၁၉၈၈ ခုနှစ်က ဆေးရုံ ခြောက်ရုံ၊ ဆေးပေးခန်း ရှစ်ခန်း၊ ကျန်းမာရေးဝန်ထမ်း ၇၃ ဦးသာ ရှိခဲ့ရာမှ ယခုဆိုလျှင် ဆေးရုံ ၁၀၀၊ ဆေးပေးခန်း ၉၆ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၉၄ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀၂ ခုတို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖွံ့ဖြိုးရေးအထူးဒေသများ၌လည်း ခုတင် (၂၀၀) ဆံ့ အထူးကုဆေးရုံများကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍ နယ်စပ်ဒေသများတွင် စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၈ ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီး ဆည် ၆၃ ခု၊ တိုင်းတာပြီးဆည် ၁၇ ခု၊ တူးမြောင်း ငါးခုနှင့် ထွန်စက်စခန်း ၁၁ ခု တို့ကို ဆောင်ရွက်ပေးနိုင်သည့်အတွက် ဒေသရိက္ခာဖူလုံရေးအပြင် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရေးကိုပါ အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

မွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့် မွေးမြူရေးခြံ ၂၀၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံး ၄၁ ရုံးတို့ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့် မြည်းမျိုးကောင်း ၁၁၁ ကောင်တို့ကိုလည်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

ကုန်းမြင့်လယ်ယာစီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်က စတင်၍ ၁၀ နှစ်စီမံကိန်းနှင့် ဧက ၁၁၁၉၀၀ ဖော်ထုတ်ရန် ဆောင်ရွက်လျက်ရှိရာမှ ယခုအချိန်ထိ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်(အမ်း)ဒေသ၊ မကွေးတိုင်းဒေသကြီး ကျောက်ထုဒေသနှင့် နေပြည်တော် ဆိပ်ဖူးတောင်ဒေသများမှာ ၁၁၆၉၁ ဧက ဖော်ထုတ်ပေးပြီး ဖြစ်ပါကြောင်း။

စွမ်းအင်ကဏ္ဍအနေဖြင့် နယ်စပ်မြို့ ၅၁ မြို့တွင် အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မြို့/ရွာ ၂၀၇ ခုတွင်လည်း မီးစက် ၂၇၆ လုံး တပ်ဆင်ပေးခြင်းအားဖြင့် မြို့/ရွာများ မီးလင်းပေးနိုင်သည့်အပြင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း။

ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍအနေဖြင့် စာတိုက် ၅၄ ခု၊ ကြေးနန်းရုံး ၄၇ ရုံး၊ တယ်လီဖုန်းလုပ်ငန်းပေါင်း ၈၆ ခုတို့ကို တည်ဆောက်ပေးနိုင်သည့်အတွက် နယ်စပ်ဒေသ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေခဲ့ပါကြောင်း။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတော်က နယ်စပ်ဒေသအသီးသီးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံပေါင်း ၁၁၃ ရုံ တည်ဆောက်ထုတ်လွှင့်ပေးနိုင်ခဲ့ပါကြောင်း။

သစ်တောလုပ်ငန်းကဏ္ဍ အနေဖြင့် သစ်တောပျိုးဥယျာဉ် ၁၄ ခု၊ သတ်မှတ်ပြီး ကြိုးဝိုင်းသစ်တော ၁၁ ခု၊ စီစဉ်ဆဲ ကြိုးဝိုင်းသစ်တော ၁၄ ခု၊ သစ်စက်လေးခုတို့ကို ထူထောင်ပေးခဲ့ပြီး သစ်တောထွက်ပစ္စည်းများ လုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောပြုန်းတီးမှုဟန့်တားရေးတို့ကို ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါကြောင်း။

သာသနာရေးကဏ္ဍအနေဖြင့် နယ်စပ်ဒေသတစ်လျှောက် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် စေတီ ၅၂ ဆူ၊ ဘုန်းတော်ကြီးကျောင်း ၂၈၉ ကျောင်း၊ သီလရှင်စာသင်တိုက် ၁၅ တိုက်၊ အခြားသာသနိကအဆောက်အအုံ ၆၆ ခုတို့ကို အသစ်တည်ဆောက်ပေးခဲ့ပြီး သာသနိကအဆောက်အအုံအဟောင်း ၄၇ ခုတို့ကို ပြုပြင်ထိန်းသိမ်းပေးခဲ့ပါကြောင်း။

နယ်စပ်ဒေသတစ်လျှောက်မှာ **လူမှုစီးပွားရေး အခြေခံကောင်းများ**ရရှိအောင် ၁၉၈၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ် ၁၄၅၄၅၄ သန်း၊ ဝန်ကြီးဌာနအသီးသီးက ငွေကျပ် သန်း ၂၅၁၉၉၀ စုစုပေါင်း ငွေကျပ် ၃၉၇ ဘီလီယံကျော် သုံးစွဲဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

တစ်ချိန်တည်းမှာပင် **ပုံမှန်အုပ်ချုပ်ရေးစနစ်** ခိုင်မာလာစေရေးအတွက် နယ်စပ်ဒေသများအပါအဝင် အချက်အချာ မြို့/ရွာ ၈၄ ခုကို မြို့နယ်အဆင့် နှစ်ခုနှင့် မြို့နယ်ခွဲ ၈၂ ခုအဖြစ် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး တရားဥပဒေ စိုးမိုးတည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုခိုင်မာလာစေရန် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရည်ရွယ်ချက် (၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် **"နယ်စပ်ဒေသ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်"** ဆိုသည့် ရည်ရွယ်ချက်တစ်ရပ်လည်း ပါရှိပါကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ (၁၅) နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တင်ပြလိုပါကြောင်း။

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု ကို တင်ပြရမည်ဆိုလျှင် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) အနေဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလထိ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၄၈ မြို့နယ်တွင် အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၅၃ သန်းဖြင့် ဆန်နှင့် စားနပ်ရိက္ခာ တန်ချိန် ၁၄၄၈၉၁ တန် ဖြန့်ဝေပေးရေး ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၃၈ မြို့နယ်တွင် အမေရိကန်ဒေါ်လာ ၁၂၁ ဒသမ ၇၈ သန်းဖြင့် ဆန်နှင့် စားနပ်ရိက္ခာ တန်ချိန် ၁၅၇၆၄၄ တန် ဖြန့်ဝေပေးရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့်လည်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၅ မြို့နယ်တွင် ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ လမ်းဖောက်လုပ်ရေး၊ နေအိမ်ဆောက်လုပ်ရေး၊ လူထုအသိပညာပေးသင်တန်း စသည့် အသေးစားစီမံကိန်းငယ် ၁၁၇၄ ခုကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၉ မြို့နယ်တွင် အသေးစားစီမံကိန်းငယ် ၁၁၈၇ ခုကို အမေရိကန်ဒေါ်လာ လေးသန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ သန်းဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသရှိ မြို့နယ် နှစ်မြို့နယ်တွင် ကိုးကန့်ဒေသ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် ဆင်းရဲချို့တဲ့မှုလျော့ပါးရေး နည်းပညာပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းကို ၂၀၀၅ ခုနှစ် ဧပြီလ မှ ၂၀၁၁ ခုနှစ် မတ်လကုန်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ နယ်စပ်ဒေသတစ်လျှောက် ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများအား ၂၀၀၆ ခုနှစ်တွင် ပထမအကြိမ် ဆန်တန်ချိန် ၁၀၀၀၀ ကို ကချင်အထူးဒေသ(၁)၊ (၂)၊ ကိုးကန့်အထူးဒေသ (၁)၊ 'ဝ' အထူးဒေသ (၂)၊ အထူးဒေသ(၄)၊ မိုင်းလားဒေသများတွင် ဖြန့်ဝေပေးခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ဆန်တန်ချိန် ၁၀၀၀၀ ထောက်ပံ့လှူဒါန်းခဲ့ရာ ယင်းဒေသများနှင့် မူဆယ်ဒေသတွင် တိုးချဲ့ဖြန့်ဝေပေးပြီး ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ဗဟိုကော်မတီက ယခုအစည်းအဝေးတွင် ချမှတ်ပေးသည့် မူဝါဒလမ်းညွှန်ချက်များအတိုင်း လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဝန်ကြီးဌာန၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများက ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူများနှင့် ဟန်ချက်ညီညီပူးပေါင်းပြီး အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

ဆောင်ရွက်ပြီးနယ်စပ်ဒေသဖွံ့ ဖြိုးရေးလုပ်ငန်းများ

အမျိုးအမည်	၁၉၈၈	၂၀၁၁
လမ်းတံတားလုပ်ငန်းများ		
-မြေလမ်း (မိုင်)	-	၄၄၇၉
-ကျောက်ခင်းလမ်း (မိုင်)	-	၃၂၀၂
-ကတ္တရာလမ်း (မိုင်)	-	၄၇၆
-လမ်းပြုပြင်ထိန်းသိမ်း (မိုင်)	-	၃၅၉၀
-တံတားကြီး	-	၁၁၉
-တံတားငယ်	-	၁၅၆၃
-ကြိုးတံတား	-	၆၆
ကျန်းမာရေးလုပ်ငန်း		
-ဆေးရုံ	၆	၁၀၀
-ဆေးပေးခန်း	၈	၉၆
-ကျေးလက်ကျန်းမာရေးဌာန	-	၉၄
-ကျေးလက်ကျန်းမာရေးဌာနခွဲ	-	၂၀၂
ပညာရေးလုပ်ငန်း		
-မူလတန်း	-	၈၈၈
-အလယ်တန်း	-	၉၂
-အထက်တန်း	-	၉၄
စိုက်ပျိုးရေးလုပ်ငန်း		
-စိုက်ပျိုးရေးရုံး	-	၃၁
-စိုက်ပျိုးရေးစခန်း	-	၁၁၈
-တည်ဆောက်ဆဲ/ပြီးဆည်	-	၆၃
-တိုင်းတာပြီးဆည်	-	၁၇
-တူးမြောင်း	-	၅
ပြည်သူ့ဆက်ဆံရေးလုပ်ငန်း		
-ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ	-	၁၁၃
ဆက်သွယ်ရေးလုပ်ငန်း		
-စာတိုက်စခန်း	-	၅၄
-ကြေးနန်းရုံ	-	၄၇
-တယ်လီဖုန်းရုံ	-	၈၆
အကုန်အကျခံသုံးစွဲမှု		
-နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ(သန်း)	-	၁၄၅၄၅၄
-ဝန်ကြီးဌာနများ၏အသုံးစရိတ်(သန်း)	-	၂၅၁၉၉၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ စက်ရုံ ၁၇ ရုံ၏ စုစုပေါင်းစက်တပ်ဆင်အား ၂၅၇၁ မဂ္ဂါဝပ်ရှိ တစ်နှစ်ထုတ်လုပ်ပေးနိုင်သည့် ဓာတ်အားပမာဏ ကီလိုဝပ်နာရီ ၁၃၀၄၅ ဒသမ ၈ သန်းရှိ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပြည့်ဆည်းနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမှုအခြေအနေတင်ပြ

နေပြည်တော် ဧပြီ ၂၃

ဧပြီ ၂၂ ရက်က ကျင်းပသည့် အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေမှုအခြေအနေ၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ စက်ရုံ ၁၇ ရုံ၏ စုစုပေါင်း စက်တပ်ဆင်အား ၂၅၇၁ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်ထုတ်လုပ်ပေးနိုင်သည့် ဓာတ်အားပမာဏမှာ ကီလိုဝပ်နာရီ ၁၃၀၄၅ ဒသမ ၈ သန်းရှိသည်။

ထို့ပြင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၅ ရုံ၏ စုစုပေါင်း စက်တပ်ဆင်အား ၇၁၄ ဒသမ ၉ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်ထုတ်လုပ်ပေးနိုင်သည့် ဓာတ်အားပမာဏမှာ ကီလိုဝပ်နာရီ ၅၇၁၉ ဒသမ ၂ သန်းရှိသည်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှစ်ခုပေါင်း စက်တပ်ဆင်အား ၃၂၈၅ ဒသမ ၉ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်ထုတ်လုပ်ပေးနိုင်သည့်ဓာတ်အားပမာဏမှာ ကီလိုဝပ်နာရီ ၁၈၇၆၅ ဒသမ ၀ သန်းဖြစ်သည်။

လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများအနေဖြင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီမံကိန်း ၁၄ ခု၊ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများက စီမံကိန်းကိုးခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၄၄ ခု စုစုပေါင်း စီမံကိန်း ၆၇ ခုရှိကာ အဆိုပါစီမံကိန်းများ ပြီးစီးပါက စက်တပ်ဆင်အား ၄၅၃၇၈ ဒသမ ၅မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးက ရမည်းသင်း-တောင်ကြီးခရိုင်ချင်းဆက်လမ်း၊ ပေါင်းလောင်းမြစ်ကူးတံတား (လျာထား)နေရာ၏ အထက်ဘက် သုံးမိုင်ခန့်အကွာ၊ အထက်ပေါင်းလောင်းတမံ၏ အောက်ဘက် ရှစ်မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ရှိသည့် စက်တပ်ဆင်အား ၁၀၀ မဂ္ဂါဝပ်နှင့် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ သန်း ၅၀၀ ထုတ်လုပ်နိုင်မည့် အလယ်ပေါင်းလောင်း **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်ခန့်အကွာ ရဲယမန်းရွာအနီးတွင် တည်ဆောက်ပေးထားသော တစ်နှစ်လျှင် လျှပ်စစ်ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ သန်း ထုတ်လုပ်ပေးနိုင်သည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှစ်ခုပေါင်း စက်တပ်ဆင်အား ၃၂၈၅ ဒသမ ၉ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်ထုတ်လုပ်ပေးနိုင်သည့် ဓာတ်အားပမာဏမှာ ကီလိုဝပ်နာရီ ၁၈၇၆၅ ဒသမ ၀ သန်း ဖြစ်သည်။

လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများအနေဖြင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီမံကိန်း ၁၄ ခု၊ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများက စီမံကိန်း ကိုးခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၄၄ ခု စုစုပေါင်း စီမံကိန်း ၆၇ ခုရှိကာ အဆိုပါ စီမံကိန်းများ ပြီးစီးပါက စက်တပ်ဆင်အား ၄၅၃၇၈ ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်။

မဲခ - မလိခ မြစ်ဆုံ အောက်တန် ဖဲ ကျေး ရွာ အနီး ရှိ မြစ်ဆုံ ရေအားလျှပ်စစ် စီ မံ ကိန်း ပုံစံကို တွေ့ရစဉ်။

❖ စာမျက်နှာ ၆ မှ

ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ အနောက်တောင်ဘက် ၄၅ မိုင်ခန့်အကွာ နမ့်တဘက်မြစ်ပေါ်၌ တည်ရှိသည့် စက်တပ်ဆင်အား ၁၀၄ မဂ္ဂါဝပ်နှင့် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ ၅၇၅ သန်း ထုတ်လုပ်နိုင်မည့် နမ့်တဘက် ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဝေဟင်မှ တွေ့ရစဉ်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၄-၂၀၁၁(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၄။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၀၄	၃။	နိုင်ငံတော်သီချင်း
၁၁း၀၅	၄။	အဖွင့်သီချင်း
၁၁း၁၀	၅။	မျိုးချစ်တပ်မတော်
၁၁း၂၀	၆။	**ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၅၀)**
၁၁း၄၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နွေဦးအချစ်**
၁၂း၃၀	၈။	ကျန်းမာသုတ
၁၂း၄၀	၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၆၁)**
၁း၄၀	၁၀။	အပိတ်နှုတ်ဆက်စကား
၁း၄၅	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၁၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၇။	လျှပ်တစ်ပြက်
၄း၃၀	၈။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၀	၉။	မြန်မာ့ရှုခင်း
၄း၅၀	၁၀။	မီးသတ်ပေးနှိုးဆော်ချက်
၅း၁၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၅	၁၂။	ဒီဗိုင်နာတို့ရဲ့ဒီဗိုင်း
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၅။	ဘဝကြေးမုံ
၆း၅၀	၁၆။	ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၂)**
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	လျှပ်တစ်ပြက်
	၂၃။	ပဟေဠိနန်းတော်
	၂၄။	ကျန်းမာသုတ
	၂၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၈)**
	၂၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၄၈)**
	၂၈။	သင့်အတွက်မနက်ဖြန်
	၂၉။	အပိတ်နှုတ်ဆက်စကား
	၃၀။	ပြီးပါပြီ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၁၁(တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ပဋ္ဌိစ္စသမုပ္ပါဒ်အခြေခံ" တရားတော် (ဆရာတော်ဦးယောသိတ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၈၃)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၄၁)**
၈း၄၅	Sai Sai Birthday Show (Part-6)
၉း၅၀	Sunday Talk (စိန်မျိုးမြင့်၊ မျိုးမြတ်သူ)
၁၀း၂၅	သာသနဝုဒ္ဓိကာရီကျောင်းဆောင်တော်မြတ်ကြီးကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာ
၁၀း၄၅	ဗီဒီယိုပြခန်း
၁၁း၀၀	MNL Preview
၁၁း၃၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အလန်းဇယား"
၁၁း၅၅	အရည်အသွေးမြင့်မားသော နည်းပညာမှသည် Giant Elevator & Escalator ဆီသို့
၁၂း၀၀	ရန်ကုန်မြင်ကွင်းကျယ် (NELC Staff Party)
၁၂း၁၀	နှစ်တစ်နှစ်ရဲ့အစ
၁၂း၃၀	ရန်ကုန်မြင်ကွင်းကျယ် (တတိယအကြိမ် လှိုင်ဗုဒ္ဓစာပေဆု နှင့်ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနား)
၁၂း၄၅	ကျေးဇူးများလှမြတ်သည့်ဒါန. . .
၁း၀၀	"ပဋ္ဌိစ္စသမုပ္ပါဒ်အခြေခံ" တရားတော် (ဆရာတော်ဦးယောသိတ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း (အလုပ်လုပ်တာကောင်းတယ်၊ အလုပ်မလုပ်တာကောင်းတယ်)
၃း၃၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (တေးသံရှင်-တင်ဦးလေး)
၃း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၄၁)**
၄း၄၅	ကျန်းမာလှပသွယ်လျဖို့ Smart Girl ကိုသွားကြစို့
၅း၀၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	"ဝ"တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
၆း၃၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၈၄)**
၇း၃၀	ပျော်စရာကြီး Live Show (အပိုင်း-၁)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Kid's Show
၉း၀၅	သွားမယ်စားမယ်(AD Garden)
၉း၂၅	Barclays Premier League (Bolton Vs Arsenal)
၁၁း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၄၂)**
၁၂း၁၀	ဖန်တီးသူနှင့်အနုပညာ (ချမ်းချမ်း) (အပိုင်း-၁)
၁၂း၄၅	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
၁၂း၅၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကဏန်းပျော့မွေးမြူထုတ်လုပ်ရေး)
၁း၀၅	Box Office Movies (Watch Men)
၁း၂၅	ထူးခြားသွင်ပြင်သတ္တုပန်းပုရုပ်သွင်
၁း၄၀	Celebrity Profile(Jet Li)
၂း၁၀	ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၂း၂၀	သက်ကြီးမသန်စွမ်းကျောင်း၏ အသက်မွေးမှုပညာရပ်များ
၂း၃၀	မြန်မာ့တူရိယာစည်တော်ကြီး
၂း၄၅	နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၂း၅၅	တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
၃း၁၅	ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ မသန်စွမ်းသူများ အတွက် Barrier Free
၃း၄၅	စုပေါင်းဆင်နွှဲမန္တလာမြေရဲ့ခြင်းပွဲ
၄း၁၀	Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
၄း၂၅	နည်းပညာအစွမ်းထက် SOLAR HUT
၄း၃၅	ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Bolton - Arsenal	ESPN (Live)

မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်း ၂၇၈ ခုရှိသည့်အနက် ၁၀၄ ခု ဆောင်ရွက်ပြီးစီး အထူးစီမံကိန်းအစည်းအဝေးသို့ မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းအသစ် ၁၈ ခု တင်ပြ

နေပြည်တော် ဧပြီ ၂၃

ဧပြီ ၂၂ ရက်က ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံ စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အထူးစီမံကိန်းအစည်းအဝေးများသို့ ယခင်တင်ပြခဲ့သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံ စီမံကိန်းပေါင်း

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

၂၇၈ ခုရှိသည့်အနက် ဆောင်ရွက်ပြီး မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံ စီမံကိန်း ၁၀၄ ခု၊ ဆောင်ရွက်ဆဲ မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်း ၃၃ ခုဖြစ်ပြီး ဆက်လက်ဆောင်ရွက်ရန် ကျန်မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်း ၁၄၁ ခု ဖြစ်သည်။ ယခု အထူးစီမံကိန်းအစည်းအဝေးသို့တင်ပြသည့် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းများမှာ အသစ် ၁၈ ခု ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဓာတ်အားစနစ်တိုးချဲ့၍ ဖြန့်ဖြူးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသော မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း ၁၂ ခုဖြစ်သည့် ဝိုင်းမော်-ဗန်းမော်-လက်ပန်လှ- မြောက်ပြင် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ နန့်တဘက်-ဝိုင်းမော် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ဝိုင်းမော်-မြစ်ကြီးနား(၁)- မြစ်ကြီးနား(၂)-မြစ်ကြီးနား(၃) ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ မိုင်းရယ်-တန့်ယန်း ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ မင်းတပ်-မတူပီ ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ဟိုပုန်းသို့ ၁၃၂ ကေဗွီ (အဝင်/အထွက်) မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ အောင်ပန်း-ပင်းတယ ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း၊ လေးမြို့(၂)-လေးမြို့ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ဘီလူးချောင်း(၂)-တောင်ငူ ၂၃၀ ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ သာယာကုန်း-မင်းလှ ၂၃၀ ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ အလယ်ပေါင်းလောင်း-ပေါင်းလောင်း ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း၊ ဘီးလင်း- (ကမာနတ်-သထုံ) ၂၃၀ ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းစီမံကိန်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက မြေအောက်ဓာတ်အားလိုင်းစီမံကိန်းခြောက်ခုဖြစ်သည့် အလုံ-ဘုရင့်နောင် ၆၆ ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၇ ဒသမ ၄ မိုင် စီမံကိန်း၊ အလုံ - MRTV-3 ၆၆ ကေဗွီ(မြေအောက်) ဓာတ်အားလိုင်း ၃ ဒသမ ၁ မိုင် စီမံကိန်း၊ အလုံ-မော်တင် ၆၆ ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင် စီမံကိန်း၊ အလုံ-မီးရထားခွဲရုံ (ဗိုလ်ချုပ်လမ်း) ၆၆ ကေဗွီ(မြေအောက်) ဓာတ်အားလိုင်း ၃ ဒသမ ၈ မိုင် စီမံကိန်း၊ အလုံ-ဆင်မလိုက် ၆၆ ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၃ ဒသမ ၅ မိုင် စီမံကိန်းနှင့် သာကေတ-ပုသိမ်ညွန့် ၆၆ ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၅ မိုင် စီမံကိန်းများနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိသည့် သာယာကုန်း ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံရှိ Switch Yardsကို တွေ့ရစဉ်။

ရွှေလီ-မန်စံ-ရွှေစာရံ ၂၃၀ ကေဗွီဓာတ်အားလိုင်း တာဝါတိုင်ကို ဝန်ထမ်းများက ကြိုးစားပမ်းစား သွယ်တန်းခဲ့သည်ကို တွေ့ရစဉ်။

မြေအောက်ဓာတ်အားလိုင်းစီမံကိန်း ခြောက်ခု

- ✳ အလုံ-ဘုရင့်နောင် ၆၆ ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၇ ဒသမ ၄ မိုင် စီမံကိန်း
- ✳ အလုံ - MRTV-3 ၆၆ ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၃ ဒသမ ၁ မိုင် စီမံကိန်း
- ✳ အလုံ-မော်တင် ၆၆ ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင် စီမံကိန်း
- ✳ အလုံ- မီးရထားခွဲရုံ (ဗိုလ်ချုပ်လမ်း) ၆၆ ကေဗွီ(မြေအောက်) ဓာတ်အားလိုင်း ၃ ဒသမ ၈ မိုင် စီမံကိန်း
- ✳ အလုံ-ဆင်မလိုက် ၆၆ ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၃ ဒသမ ၅ မိုင် စီမံကိန်း
- ✳ သာကေတ - ပုသိမ်ညွန့် ၆၆ ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၅ မိုင် စီမံကိန်း

မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း ၁၂ ခု

- ✳ ဝိုင်းမော်-ဗန်းမော်-လက်ပန်လှ- မြောက်ပြင် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်း
- ✳ နန့်တဘက်-ဝိုင်းမော် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
- ✳ ဝိုင်းမော်-မြစ်ကြီးနား(၁) - မြစ်ကြီးနား(၂) - မြစ်ကြီးနား(၃) ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
- ✳ မိုင်းရယ်-တန့်ယန်း ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
- ✳ မင်းတပ်-မတူပီ ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
- ✳ ဟိုပုန်းသို့ ၁၃၂ ကေဗွီ (အဝင်/အထွက်) မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
- ✳ အောင်ပန်း-ပင်းတယ ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း
- ✳ လေးမြို့(၂)-လေးမြို့ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
- ✳ ဘီလူးချောင်း(၂)-တောင်ငူ ၂၃၀ ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
- ✳ သာယာကုန်း-မင်းလှ ၂၃၀ ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း
- ✳ အလယ်ပေါင်းလောင်း-ပေါင်းလောင်း ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း
- ✳ ဘီးလင်း-(ကမာနတ်-သထုံ) ၂၃၀ ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းစီမံကိန်း

❍ ကျောဖုံးမှ

အစီအစဉ်အရ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကား ပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများက မိမိတို့ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်းက လမ်းများနှင့် ရေအားလျှပ်စစ်ဆိုင်ရာများကို လည်းကောင်း၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက တံတားနှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက လမ်း၊ တံတားများ၊ မီးလင်းရေး၊ ပညာရေး၊ ရေလှောင်တမံ၊ လျှပ်စစ်မြစ်ရေတင်နှင့် ရထားလမ်း ပြုပြင်ခြင်းဆိုင်ရာများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက မြစ်ကူးတံတားများနှင့် လမ်းများဆိုင်ရာအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရှင်းလင်းမှာကြားရာတွင် ယနေ့ရှင်းလင်းဆွေးနွေးသွားကြသည့် စီမံကိန်းကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသော စီမံကိန်းကြီးများဖြစ်ကြောင်း။

တချို့ လုပ်လက်စ မပြီးပြတ်သေးသော လုပ်ငန်းများဖြစ်သကဲ့သို့ တချို့လည်း ယခုမှ စတင်ဆောင်ရွက်စ လုပ်ငန်းများဖြစ်ကြောင်း၊ တချို့လုပ်ငန်းများမှာ အခြေအနေပေးလျှင် ပေးသလို လုပ်ရန်စီမံထားသည့် လုပ်ငန်းများဖြစ်ကြောင်း။

လုပ်လက်စ မပြီးပြတ်သေးသော လုပ်ငန်းများကို အမြန်ပြီးပြတ်အောင် ဖိဖိစီးစီး လုပ်ကိုင်ကြရန် မှာကြားလိုကြောင်း၊ စတင်ဆောင်ရွက်စလုပ်ငန်းများကိုလည်း လျာထားပေးနိုင်သည့် ဘတ်ဂျက်ပေါ်တွင် ကြည့်ပြီး အရေးကြီးလိုအပ်လျှင် လိုအပ်သလို ဦးစားပေးအဆင့်ခွဲပြီး လုပ်သွားရန်ဖြစ်ကြောင်း၊ လုပ်ငန်းကိုပြီးလိုဇောနှင့် အလောတကြီးမလုပ်ဘဲ လုပ်နိုင်သော ငွေကြေးအတိုင်းအဆပေါ်ကြည့်ပြီး လုပ်ကြရန်ဖြစ်ကြောင်း၊ တချို့လုပ်ငန်းများကို ဆက်လုပ်နိုင်အောင် အစပျိုးပေးထားရန်ဖြစ်ကြောင်း။

အချို့ မလုပ်နိုင်သေးသည့် လုပ်ငန်းကြီးများကိုလည်း အခြေအနေပေးလျှင် လုပ်သွားနိုင်အောင် အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖြစ် ထည့်သွင်းထားမှာဖြစ်ကြောင်း။

စီမံကိန်းလုပ်ငန်းကြီးများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ငွေကြေးသုံးစွဲမှုအပိုင်း၌ မကုန်သင့်သည်များကို မကုန်ကျရအောင် စိစစ်သုံးစွဲကြရန် လိုကြောင်း၊ အလေအလွင့် ဆုံးရှုံးမှုများမရှိအောင်၊ မသမာမှုများ မပြုလုပ်နိုင်အောင် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် အောက်ခြေလုပ်ငန်းခွင်အထိ အရောက်သွားပြီး စစ်ဆေးကြပ်မတ် ပြုပြင်ပေးရန် လိုကြောင်း။

လုပ်ငန်းခွင်လုံခြုံရေးနှင့် လုပ်ငန်းခွင်သက်သာချောင်ချိရေးတို့ကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးပြီး ရိုးသားကြိုးစားသောဝန်ထမ်းများကို ထိုက်ထိုက်တန်တန်ချီးမြှင့်မြှောက်စားကာ မသမာမှုပြုလုပ်သူ၊ အလွဲသုံးစားပြုလုပ်သူ၊ ကိုယ်ကျင့်တရားပျက်ယွင်းသူများကိုလည်း ထိထိရောက်ရောက် အရေးယူသွားကြရန် လိုအပ်ကြောင်း။

ဗဟို၏ ဦးဆောင်စီမံခန့်ခွဲပေးမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှု၊ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုကောင်းကောင်းဖြင့် တက်ညီလက်ညီဆောင်ရွက်သွားပါက တိုင်းပြည် အလျင်အမြန်တိုးတက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဆင့်သို့ မလွဲမသွေရောက်မှာဖြစ်သည့်အတွက် အရှိန်အဟုန်မြှင့်ပြီး ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

၁၉၈၈ ခုနှစ် နောက်ပိုင်း ဆည်မြောင်းစီမံကိန်း ၂၃၃ ခုကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ ဆောင်ရွက်ဆဲ ဆည်မြောင်းစီမံကိန်း ၃၁ ခုနှင့် ထပ်မံဆောင်ရွက်ရန် လျာထားသည့် စီမံကိန်း ၁၄ ခု၏ အခြေအနေများတင်ပြ

နေပြည်တော် ဧပြီ ၂၃

ဧပြီ ၂၂ ရက်က ကျင်းပသည့် အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ ခွင့်ပြုချက်အရ ဆည်မြောင်းစီမံကိန်း ၂၃၃ ခုကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ဆဲ ဆည်မြောင်းစီမံကိန်း ၃၁ ခုနှင့် ထပ်မံဆောင်ရွက်ရန် လျာထားသည့် စီမံကိန်း ၁၄ ခုတို့၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ဆောင်ရွက်ဆဲ စီမံကိန်းများဖြစ်သော စီမံကိန်းတစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေ ဧက ၂၅၀၀၀ ကို ရေပေးဝေနိုင်မည့်အပြင် နှစ်စဉ်ကီလိုဝပ်နာရီ ၂၇ ဒသမ ၄၈ သန်း ထုတ်လုပ်နိုင်မည့်ကညင်ရေလှောင်တမံစီမံကိန်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၈၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးရှိလယ်မြေဧက ၉၆၀၀၀ ကို ရေသွင်းစိုက်ပျိုးနိုင်မည့်အပြင် လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်၊ သီးထပ်အဖြစ် နွေစပါး ၇၄၀၀၇ ဧကထက် ပိုမိုတိုးချဲ့ရေပေးဝေနိုင်ရန်၊ ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ် ဖြန့်ဝေရန် ရည်ရွယ်သည့် ကြီးအုံကြီးဝရေလှောင်တမံ စီမံကိန်း၊ စီမံကိန်း တစ်ခုလုံးအနေဖြင့် ၆၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့ကြီးကျေးရွာအနီးရှိ လျှပ်စစ်ဓာတ်အား နှစ်စဉ်ကီလိုဝပ်နာရီ ၁၃၅ ဒသမ ၇ သန်း ထုတ်လုပ်နိုင်မည့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၃၃ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည့် လယ်မြေဧက ၁၀၀၀၀၀ ကို ရေသွင်းစိုက်ပျိုးနိုင်မည့်အပြင် လယ်ယာမြေများ ရေကြီး နစ်မြုပ်ခြင်းမှ ကာကွယ်ရန်၊ ရေအားလျှပ်စစ် ၄၀ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဝေရန် ရည်ရွယ်သည့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ဖြူးချောင်းရေလှောင်တမံစီမံကိန်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၃၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီးရှိ လယ်မြေဧက ၁၂၀၀၀ ကို ရေသွင်းစိုက်ပျိုးနိုင်မည့်အပြင် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၄၀ ထုတ်လုပ်ဖြန့်ဝေရန် ရည်ရွယ်သည့် မြစ်သာရေလှောင်တမံစီမံကိန်း၊ ဖြူးချောင်း ရေလှောင်တမံ စီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီးရှိ လယ်မြေ ၅၈၉၅ ဧကကို ရေသွင်းစိုက်ပျိုးနိုင်မည့် အပြင် စိုက်ပျိုးမြေများသို့ ရေငန်နှင့် နုန်းများဝင်ရောက်ခြင်းမှ ကာကွယ်ရန်၊ မိုးရာသီတွင် ဒီရေကျချိန်၌ ကွင်းရေကို ဆောလျင်စွာ ထုတ်နုတ်နိုင်ရန် ရည်ရွယ်သည့် ငမိုးရိပ်ရေထိန်းတံခါးစီမံကိန်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ ကိုဒူကွဲချောင်းကိုပိတ်၍ တမံ တည်ဆောက်ကာ ရန်ကုန်မြို့ အရှေ့ခြမ်း မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုရန် ရည်ရွယ်သည့် ကိုဒူကွဲ ရေလှောင်တမံစီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကင်မွန်းခြံကျေးရွာအနီးရှိ ရေဘေးကာကွယ်ရေး အကျိုးပြုဧက ၁၀၃၀၀ နှင့် နွေစပါးဧက ၃၀၀ ရေပေးဝေနိုင်မည့် ကင်မွန်းခြံရေထိန်းတံခါး စီမံကိန်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၅၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်း တည်ရှိ၍ လက်ရှိမြောက်ယမား ရေသောက်ဧက ၁၂၀၀၀ အပြင် လယ်မြေဧက ၁၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန် ရည်ရွယ်သည့် မြောက်ယမား တိုးချဲ့ရေသောက်စနစ် စီမံကိန်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၅၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ လယ်မြေ ၄၉၉၆ ဧကကို ရေသွင်းစိုက်ပျိုးနိုင်မည့်အပြင် သိန်ရင်ချောင်းဖြတ်ရေကျော်၌ ရေလွှမ်းမိုးမှုကိုကာကွယ်ရန် ရည်ရွယ်သည့် သိန်ရင် ရေလှောင်တမံစီမံကိန်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ဆဲစီမံကိန်းများ

- ❋ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ ကညင်ရေလှောင်တမံစီမံကိန်း
- ❋ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးရှိ ကြီးအုံကြီးဝရေလှောင်တမံစီမံကိန်း
- ❋ ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း
- ❋ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ဖြူးချောင်းရေလှောင်တမံစီမံကိန်း
- ❋ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီးရှိ မြစ်သာရေလှောင်တမံစီမံကိန်း
- ❋ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါး စီမံကိန်း
- ❋ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ ကိုဒူကွဲရေလှောင်တမံစီမံကိန်း
- ❋ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကင်မွန်းခြံကျေးရွာအနီးရှိ ကင်မွန်းခြံရေထိန်းတံခါးစီမံကိန်း
- ❋ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားတိုးချဲ့ရေသောက်စနစ်စီမံကိန်း
- ❋ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ သိန်ရင်ရေလှောင်တမံစီမံကိန်း

ဆက်လက်၍ ပဲခူးရိုးမ အရှေ့ဘက်ခြမ်းရှိ ရေလှောင်တမံများမှ ပိုလျှံရေများနှင့် အသစ်တည်ဆောက်မည့် ရေလှောင်တမံများမှ ရေများကို ပဲခူး-စစ်တောင်းတူးမြောင်းသို့ သွယ်ယူပြီး ထိုမှတစ်ဆင့် ခရမ်းချောင်းအထိ တူးမြောင်းဖောက်၍ ရေသွယ်ယူကာ ရန်ကုန်တိုင်းဒေသကြီး မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ဧက ၁၀၀၀၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ဧက ၅၅၀၀၀ စုစုပေါင်းဧက ၆၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် ရန်ကုန်တိုင်းဒေသကြီး မိုင် ၃၀ ဝန်းကျင်(အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း လယ်မြေဧက ၂၂၈၈၀၀၀ ရှိသည့်အနက် ဆည်ရေဖြင့် ဧက ၆၀၀၀၀ ရေပေးဝေလျက်ရှိရာ ကျန်စိုက်ပျိုးမြေများကို ဆည်ရေပေးဝေနိုင်ရန်နှင့် ဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်သည့် မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းအနေဖြင့် ရေကူ တမံများတည်ဆောက်၍ မိတ္ထီလာကန်အတွင်း ရေပိုမိုသိုလှောင်နိုင်ရန် ဆောင်ရွက်ခြင်း၊ ဇော်ဂျီမြစ်တစ်လျှောက် ပိုလျှံသောရေများကို ကင်းတားလက်ယာမြောင်းမှတစ်ဆင့် စိုက်ပျိုးရေပေးဝေခြင်း၊ မြေအောက်ရေကို ထုတ်နုတ်၍ စိုက်ပျိုးရေပေးဝေခြင်းစသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနအနေဖြင့် မြစ်ရေတင် အထူးစီမံကိန်း ၄၂ ခု အကျိုးပြုဧက ၄၃၄၅၀၀ ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**◆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ်အတွင်း မကွေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနက စိုက်ပျိုးရေရရှိရေးအတွက် တာဝန်ယူတည်ဆောက်ပေးခဲ့သည့် သန်းဥချောက် ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြစ်ရေတင်အထူးစီမံကိန်း ၂၆ ခု အကျိုးပြုဧက ၂၁၈၇၀၀ ကို ဆောင်ရွက်ပြီးစီးပြီဖြစ် ကျန်ရှိသည့် မြစ်ရေတင်အထူးစီမံကိန်း ၁၆ ခု အကျိုးပြုဧက ၂၁၅၈၀၀ ကို ဆက်လက်ဆောင်ရွက်လျက်ရှိ

◆စာမျက်နှာ ၉ မှ

မြစ်ရေတင်အထူးစီမံကိန်း ၂၆ ခု အကျိုးပြုဧက ၂၁၈၇၀၀ ကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် မြစ်ရေတင်အထူးစီမံကိန်း ၁၆ ခု အကျိုးပြုဧက ၂၁၅၈၀၀ ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောင်ရွက်ဆဲ မြစ်ရေတင်အထူးစီမံကိန်း ၁၆ ခုတို့တွင် ပါဝင်သည့် မိတ္ထီလာလွင်ပြင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မိတ္ထီလာလွင်ပြင်ဒေသ၌ တည်ရှိပြီး ကင်းတားရေလွှဲဆည်မှ ရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ပင်မမြောင်းရှိ ထပ်ဆင့်ရေတင်စခန်း ခုနစ်ခုတို့ဖြင့် လယ်မြေဧက ၃၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ နန်းပို့ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လုံးဘိုကျေးရွာအနီးတည်ရှိပြီး ဧရာဝတီမြစ်မှ ရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ပင်မမြောင်းရှိ ထပ်ဆင့်ရေတင်စခန်းသုံးခုတို့ဖြင့် စပါး၊ ဝါ၊ ဆီထွက်သီးနှံ ဧက ၈၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ အရာတော်-၂ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် မကျီးဇောက်ရွာအနီးတည်ရှိပြီး မူးမြစ်မှရေကို ရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ထပ်ဆင့်ရေတင်စခန်း ခြောက်ခုတို့မှ တစ်ဆင့် လယ်မြေ ဧက ၂၀၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း၊ အရာတော်-၃ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ဆင်တလည်ရွာအနီး တည်ရှိပြီး မူးမြစ်မှရေကို ရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ထပ်ဆင့်ရေတင်စခန်း ရှစ်ခုတို့မှ တစ်ဆင့် လယ်မြေဧက ၄၀၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ရွာအနီး တည်ရှိပြီး ငမိုးရိပ်ချောင်းမှ ရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေဧက ၅၀၀၀ ကျော်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည် ဖြစ်ကြောင်း၊ လက်ပံလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ရွာအနီး တည်ရှိပြီး ငမိုးရိပ်ချောင်းမှ ရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ထပ်ဆင့်ရေတင်စခန်း နှစ်ခုတို့မှ တစ်ဆင့် လယ်မြေဧက ၇၀၀၀ ကျော်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ကံကလေးလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာရွာအနီးတည်ရှိပြီး လှိုင်မြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေ ဧက ၄၅၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်မည် ဖြစ်ကြောင်း၊ ခရမ်းချောင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ရုံးသပြေကန်ရွာအနီး တည်ရှိပြီး ခရမ်းချောင်းမှ ရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေဧက ၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ မြစ်ကျိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ရှားတောဒေသအနီး တည်ရှိပြီး ဧရာဝတီမြစ်မှ ရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေဧက ၁၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကညင်ကောက်ရွာအနီး တည်ရှိပြီး ဒါးကမြစ်မှ ရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေဧက ၉၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ တည်ရှိပြီး ဧရာဝတီမြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ထပ်ဆင့်ရေတင်စခန်း ရှစ်ခုတို့မှတစ်ဆင့် လယ်မြေဧက ၅၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပျော့ရွာအနီး တည်ရှိပြီး မူးမြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ထပ်ဆင့်ရေတင်စခန်း နှစ်ခုတို့မှတစ်ဆင့် လယ်မြေဧက ၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ဒုံသမိလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မွန်ပြည်နယ် သထုံမြို့နယ်၌ တည်ရှိပြီး ဒုံသမိမြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ထပ်ဆင့်ရေတင်စခန်း ရှစ်ခုတို့မှ တစ်ဆင့် လယ်မြေဧက ၃၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ဓမ္မသလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ တည်ရှိပြီး ဂျိုင်းမြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေဧက ၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ကျုံစုတ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျုံစုတ်ရွာအနီး၌ တည်ရှိပြီး ကျိုက်လတ်မြစ်မှ ရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေဧက ၉၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်းနှင့် ဆီမီးခုံ-၃ (နွားထိုးကြီး)လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီး၌ တည်ရှိပြီး ဧရာဝတီမြစ်မှ ရေကိုရယူ၍ ပင်မရေတင်စခန်း တစ်ခု၊ ပင်မမြောင်းရှိ ထပ်ဆင့်ရေတင်စခန်း ငါးခုနှင့် လက်တံမြောင်းရှိ ထပ်ဆင့်ရေတင်စခန်း တစ်ခုတို့မှ တစ်ဆင့် နွားထိုးကြီး မြို့နယ်အတွင်း သောက်သုံးရေရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး၊ လယ်မြေဧက ၁၅၀၀၀ ကို စိုက်ပျိုးရေ ဖြည့်စွက်ပေးဝေရေးနှင့် မလှိုင်မြို့နယ် တောင်သာမြို့နယ်များသို့ ဖြည့်စွက်ရေပေးဝေနိုင်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းတစ်ခုလုံး၏ ဆောင်ရွက်ပြီးစီးမှုမှာ ၁၁ ဒသမ ၉၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအနီး တည်ဆောက်ပေးထားသော ပေါင်းလောင်းရေလွှဲဆည်ကို တွေ့ရစဉ်။

ဆောင်ရွက်ဆဲ မြစ်ရေတင်စီမံကိန်း (၁၆)ခု

- ❋ မိတ္ထီလာလွင်ပြင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ နန်းပို့ လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ အရာတော် -၂ လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ အရာတော် -၃ လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ ငမိုးရိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ လက်ပံ လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ ကံကလေး လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ ခရမ်းချောင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ မြစ်ကျိုး လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ ဒါးက လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ ကြီးရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ ပျော့ရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ ဒုံသမိ လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ ဓမ္မသ လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ ကျုံစုတ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း
- ❋ ဆီမီးခုံ-၃(နွားထိုးကြီး) လျှပ်စစ်မြစ်ရေတင်စီမံကိန်း

မြန်အောင်မြို့နယ်တွင် တည်ဆောက်ထားသည့် မမြေရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

အရှည်မိုင် ၃၂၀ ရှိသည့် ကြံခင်း-ပခုက္ကူ ရထားလမ်းစီမံကိန်းတွင် ဖွင့်လှစ်ပြီး ၃၀၁ မိုင်နှင့် ၂၀၁၁ ခုနှစ်အတွင်း အပြီးသတ်ဖွင့်လှစ်သွားမည့် ရထားလမ်း ၁၉ မိုင် ဆောင်ရွက်ထားရှိ

နေပြည်တော် ဧပြီ ၂၃

ဧပြီ ၂၂ ရက်က ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁)ညှိနှိုင်းအစည်းအဝေးတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် အထူးစီမံကိန်းမှ ခွင့်ပြုထားပြီးဖြစ်သည့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ရထားလမ်းအရှည်မိုင် ၃၂၀ ရှိသည့် ကြံခင်း-ပခုက္ကူရထားလမ်းစီမံကိန်းတွင် ဖွင့်လှစ်ပြီး ၃၀၁ မိုင်နှင့် ၂၀၁၁ ခုနှစ်အတွင်း အပြီးသတ်ဖွင့်လှစ်သွားမည့် ရထားလမ်း ၁၉ မိုင် ဆောင်ရွက်ထားရှိမှု၊ ရထားလမ်းမိုင် ၉၈ မိုင်အရှည်ရှိသည့် ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းမှ ဖွင့်လှစ်ခဲ့ပြီးသည့် ကသာ-မိုးတားကြီးလမ်းပိုင်း ၁၆ ဒသမ ၆၈ မိုင်၊ တည်ဆောက်ဆဲရထားလမ်းမိုင် ၈၁ ဒသမ ၃၂ မိုင်အနက် ၂၀၁၁ခုနှစ်အတွင်း ဖွင့်လှစ်သွားမည့် မိုးတားကြီး-ချောင်းဝ ၁၀ မိုင်၊ နမ့်ခုတ်-စင်းခန်း-ဟန်ထက်လမ်းပိုင်း ၁၆ ဒသမ ၆ မိုင်တို့ ဆောင်ရွက်နေမှု၊ ရထားလမ်းမိုင် ၂၂၆ မိုင်ရှိသည့် မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ ကျိုင်းတုံ-ဝမ်ကောင်းလမ်းပိုင်း ၅ ဒသမ ၆ မိုင် ဖွင့်လှစ်ပြီးစီးမှုနှင့် တံတားကြီး/ငယ်များ တည်ဆောက်ပြီးစီးမှု၊ ကျန်ရထားလမ်းပိုင်းများ ဆက်လက်တည်ဆောက်နေမှု၊ ရထားလမ်းမိုင် ၁၃၂ ဒသမ ၅ မိုင်ရှိသည့် ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ ၂၀၁၁ ခုနှစ်အတွင်း ထားဝယ်-သရက်ချောင်းလမ်းပိုင်း မိုင် ၂၀ ကို ဖွင့်လှစ်ရန် စီမံဆောင်ရွက်နေမှု၊ ရထားလမ်းမိုင် ၉၅ မိုင်ရှိသည့် ရထားလမ်းပိုင်း ၂၇ ဒသမ ၃ မိုင် စီစဉ်ဆောင်ရွက်နေမှု၊ ရထားလမ်းမိုင် ၈၉ မိုင်ရှိသော ပုသိမ် (ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ ပုသိမ်(ဘဲဂရက်)-အိမ်မဲလမ်းပိုင်း မိုင် ၂၀ ဖွင့်လှစ်ပြီးစီးမှုနှင့် ၂၀၁၁ ခုနှစ်အတွင်း ဖွင့်လှစ်မည့် ဆားမလောက်-ညောင်တုန်း-စက္ကော့ရထားလမ်းပိုင်း ၂၀ ဒသမ ၁၃ မိုင်နှင့် ၂၀၁၁ ခုနှစ်အတွင်း ဖွင့်လှစ်မည့် အိမ်မဲ-ပန်းဝေနော် ရထားလမ်းပိုင်း ၂၁ ဒသမ ၅ မိုင် ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားမှု၊ ရထားလမ်းမိုင် ၁၂၀ ရှိသည့် ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်း မိုင် ၂၀ ဖွင့်လှစ်ပြီးစီးမှုနှင့် ၂၀၁၂ ခုနှစ်အတွင်း ပေါက်ခေါင်း-ပစဉ်ကြယ်-ရွှေလောင်းရထားလမ်းပိုင်း ၁၅ ဒသမ ၂၅ မိုင် ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားမှု၊ ရထားလမ်းမိုင် ၄၈ မိုင်ရှိသည့် ဟင်္သာတ-ဓနုဖြူ- စက္ကော့(ညောင်တုန်း) ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းမှ ဖွင့်လှစ်ပြီးဖြစ်သည့် ဟင်္သာတ-ဇလွန်လမ်းပိုင်း ၁၆ ဒသမ ၂၅ မိုင်နှင့် ၂၀၁၁ ခုနှစ်အတွင်း အပြီးသတ် ဖွင့်လှစ်သွားမည့် ဇလွန်-ဓနုဖြူ-စက္ကော့ ရထားလမ်းပိုင်း ၃၁ ဒသမ ၇၅ မိုင် စီမံဆောင်ရွက်ထားမှု၊ ရထားလမ်းမိုင် ၁၂၀ ရှိသည့် နေပြည်တော်-ဆင်သေ-တပ်ကုန်း-ပင်လောင်းရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းမှ ၂၀၁၁ ခုနှစ်အတွင်း ဆင်သေ-ရေဦး ရထားလမ်းပိုင်း ၁၉ ဒသမ ၃ မိုင်ကို ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားမှု၊ ရထားလမ်းမိုင် ၄၇၄ ဒသမ ၅ မိုင်အရှည်ရှိသည့် မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းမှ မြစ်ကြီးနား-ဗန်းမော်ရထားလမ်းပိုင်း ၁၀၈ မိုင်၊ ၀၈ မိုင်နှင့် ဆောင်ရွက်ဆဲစီမံကိန်း ရထားလမ်းသံလမ်းမိုင် ၁၉၉၀ ဒသမ ၆၅ မိုင် စုစုပေါင်း ရထားလမ်းသံလမ်းမိုင် ၆၇၄၀ ဒသမ ၇၃ မိုင်အတွက် စုစုပေါင်းဇလီဖားတုံး လိုအပ်ချက် ၁၅ ဒသမ ၅ သန်းခန့်အနက် ယနေ့အထိ ထုတ်လုပ်/လဲလှယ်ပြီး ကွန်ကရစ်ဇလီဖားတုံး လေးသန်းခန့်နှင့် ထပ်မံလိုအပ်မည့် ကွန်ကရစ်ဇလီဖားတုံး ၁၁ ဒသမ ၅ သန်းခန့် ရရှိနိုင်ရေးအတွက် မြစ်ငယ်၊ ပြွန်တန်ဆာ၊ မုတ္တမ၊ ပခုက္ကူ၊ ဥသျှစ်ပင်၊ ခင်ဦးမြို့များတွင် တည်ဆောက်ပြီးစီး၍ ထုတ်လုပ်လျက်ရှိသော ကွန်ကရစ်ဇလီဖားစက်ရုံများမှ ကွန်ကရစ်ဇလီဖားတုံးများ ထုတ်လုပ်နိုင်မှု၊ မင်းဘူးနှင့် ရွှေညောင်မြို့များတွင် တည်ဆောက်ဆဲဖြစ်သည့် ကွန်ကရစ်ဇလီဖားစက်ရုံများအခြေအနေ၊ ဗန်းမော်-သီပေါ-နမ့်စန်မြို့များတွင် ထပ်မံတည်ဆောက်သွားမည့် ကွန်ကရစ်ဇလီဖားစက်ရုံများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

မြန်မာ့မီးရထားသည် နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့ရေး၊ ဒေသဖွံ့ဖြိုးမှု ကွာဟချက်နည်းပါးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေးနှင့် စီးပွားရေး၊ လူမှုရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရထားလမ်းဖောက်လုပ်ခြင်း၊ ကွန်ကရစ်ဇလီဖားစက်ရုံသစ်များ တည်ဆောက်ခြင်းအပါအဝင် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်းတွင် ၁၉၈၈ခုနှစ်က ဖောက်လုပ်ပြီး ရထားလမ်းခရီးမိုင် ၁၉၇၆ မိုင်၊ ဖောက်လုပ်ပြီးသံလမ်းမိုင် ၂၇၉၃ မိုင်နှင့် ဘူတာရုံ ၄၈၇ ရုံသာရှိခဲ့ရာမှ ယခုအခါ ရထားလမ်းခရီးမိုင် ၃၅၇၉ မိုင်၊ ဖောက်လုပ်ပြီး ရထားသံလမ်း မိုင် ၄၄၀၂ မိုင်၊

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းမှ မကွေး-ကံပြားလမ်းပိုင်း ရှစ်မိုင်နှင့် ပျော်ဘွယ် (ရန်အောင်-ရွာတော်လမ်းပိုင်း) ၂၂ မိုင်တို့ ဖွင့်လှစ်ပြီးစီးမှုနှင့် ၂၀၁၁ ခုနှစ်အတွင်း ရွာတော်-နတ်မောက် ရထားလမ်းပိုင်း ၃၅ မိုင်ကို ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားမှု၊ ရထားလမ်းမိုင် ၂၅၇ မိုင်အရှည်ရှိသည့် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းမှ ဖွင့်လှစ်ပြီးဖြစ်သည့် စစ်တွေ-ရေချမ်းပြင်လမ်းပိုင်း ၁၁ ဒသမ ၄၆ မိုင်၊ ကွမ်းတောင်-ယိုးတရုတ်လမ်းပိုင်း ၂၂ ဒသမ ၇၂ မိုင်၊ ယိုးတရုတ်-ကျောက်တော်လမ်းပိုင်း ၁၉ ဒသမ ၉ မိုင်နှင့် ၂၀၁၂ ခုနှစ်အတွင်း ဖွင့်လှစ်မည့် မင်းဘူး-ပဒါန်း ဗန်းမော်-မိုးမိတ်-ကျောက်မဲရထားလမ်းပိုင်း ၂၁၀ ဒသမ ၅ မိုင်၊ သီပေါ-လဲချား-နမ့်စန် ရထားလမ်းပိုင်း ၁၅၆ မိုင်ကို လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ထားရှိမှု၊ အဆိုပါ ရထားလမ်းပိုင်းများအလိုက် တာပေါင်မြေလုပ်ငန်း၊ တံတားကြီး/ငယ် တည်ဆောက်ခြင်းလုပ်ငန်း၊ သံလမ်းခင်းခြင်းလုပ်ငန်း၊ ဘူတာနှင့် ယာဒ်ဝင်း တည်ဆောက်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေမှု၊ ရထားလမ်းမိုင် ၁၂၅ မိုင်ရှိသည့် မုံရွာ-ကနီ-မင်းကင်း-ကလေးဝ-ကလေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတွင် မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရထားလမ်းမိုင် ၁၅၀ ရှိသည့် တောင်ငူ-ယာဒို-လွိုင်ကော်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက ၁၈၇၇ ခုနှစ်မှ ယနေ့ထိ ဖောက်လုပ်ပြီးစီးသည့် ရထားလမ်းသံလမ်းမိုင် ၄၇၅၀ ဒသမ ဖောက်လုပ်ဆဲရထားလမ်းခရီးမိုင် ၁၇၇၈ မိုင်၊ ဖောက်လုပ်မည့် ရထားလမ်းခရီးမိုင် ၂၉၇ မိုင်နှင့် ဘူတာရုံ ၈၉၉ ရုံရှိလာပြီဖြစ်သည့်အတွက် ဖောက်လုပ်ပြီး၊ ဖောက်လုပ်ဆဲရထားလမ်းခရီးမိုင်များစွာ တိုးတက်လာခဲ့ပြီဖြစ်သည်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းတွင် ရထားပြေးဆွဲနေသည်ကို တွေ့ရစဉ်။

ကွန်ကရစ်ဇလီဖားစက်ရုံ(ပခုက္ကူ)

ရထားလမ်းကွန်ရက်များ တိုးပွားလာသည်နှင့်အမျှ ရထားစီးပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် သစ်သားဇလီဖားတုံးများနေရာတွင် ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်တပ်ဆင်အသုံးပြုနိုင်ရန် ပခုက္ကူ ဇလီဖားစက်ရုံကို တည်ဆောက်ပေးထားသည်။

မြန်မာ့မီးရထားသည် နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့ရေး၊ ဒေသဖွံ့ဖြိုးမှု ကွာဟချက်နည်းပါးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေးနှင့် စီးပွားရေး၊ လူမှုရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရထားလမ်းဖောက်လုပ်ခြင်း၊ ကွန်ကရစ်ဇလီဖားစက်ရုံသစ်များ တည်ဆောက်ခြင်း အပါအဝင် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။

မြန်မာလက်ရွေးစင်ဘော်လီဘောအသင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၃

၂၀၁၁ ခုနှစ် ဧပြီ ၈ ရက်မှ ၂၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးလက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြသော မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း ခေါင်းဆောင်သော မြန်မာလက်ရွေးစင်အမျိုးသား ဘော်လီဘောအသင်းသည် ဧပြီ ၂၁ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြရာ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ - တရုတ်ချစ်ကြည်ရေး လက်ရည်စမ်းဘော်လီဘောပြိုင်ပွဲ ၁၃ ပွဲကို ဟီပေမြို့နှင့် ပေကျင်းမြို့များ၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာလက်ရွေးစင်အမျိုးသား ဘော်လီဘောအသင်းသည် ရှစ်ပွဲအနိုင်ရရှိခဲ့သည်။ ယင်းချစ်ကြည်ရေးလက်ရည်စမ်းဘော်လီဘောပြိုင်ပွဲများသည် ၂၀၁၁ ခုနှစ် အင်ဒိုနီးရှား (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် မြန်မာလက်ရွေးစင် အမျိုးသားဘော်လီဘောအသင်း အောင်မြင်မှုရရှိရေးအတွက် အထောက်အကူပြုပြိုင်ပွဲများနှင့် နိုင်ငံတကာ ဘော်လီဘောပြိုင်ပွဲအတွေ့အကြုံများရရှိရေးအတွက် စေလွှတ်ယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ - တရုတ် ချစ်ကြည်ရေး လက်ရည်စမ်းဘော်လီဘောပြိုင်ပွဲအဖြစ် ဟီပေမြို့၌ မြန်မာလက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းနှင့် Hebei Club အမျိုးသားဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ (ယင်းပြိုင်ပွဲတွင် မြန်မာအသင်းက သုံးပွဲပြတ်အနိုင်ရရှိခဲ့သည်။)

(ဘော်လီဘောအဖွဲ့ချုပ်)

ဇေယျာရွှေမြေအသင်းအားပေးသူများ၏ ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်

နေပြည်တော် ဧပြီ ၂၃

ဇေယျာရွှေမြေဘောလုံးအသင်းအားပေးသူများ၏ ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် စာရေးအနောက်ရွာတွင် ဧပြီ ၉ ရက်က ကျင်းပရာ စာကြည့်တိုက်တာဝန်ခံ ဦးဇော်လွင်က စာကြည့်တိုက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်ဌေးထံ ပေးအပ်သည်။**(ယာပုံ)**

စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဇေယျာရွှေမြေဘောလုံးအသင်း အားပေးသူ စစ်ကိုင်းမြို့နယ်ပရိသတ်တို့က အဆိုပါကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ကို စတင်ထူထောင်ခဲ့ခြင်းဖြစ်သည်။ စစ်ကိုင်းမြို့နယ် ပရိသတ်များသည် မိမိတို့အသင်း၏ ဗထူးကွင်း၊ မုံရွာကွင်းပွဲများသို့တိုင် တစ်ခဲနက် လိုက်လံအားပေးကြပြီး အသင်းမှာလည်း ယခုအခါ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်လျက်ရှိသည်။ ၎င်းတို့သည် အသင်းအကျီကို ဂုဏ်ယူစွာဝတ်ဆင်ပြီး ကျေးရွာအလိုက် ဘောလုံးအသင်းများဖွဲ့စည်းကာ ကျေးရွာပေါင်းစုံပြိုင်ပွဲများ ကျင်းပခဲ့ကြသည်။ ၁၉၉၁ ခုနှစ်က စစ်ကိုင်းမြို့နယ် ကျေးရွာပေါင်းစုံဒိုင်း ချန်ပီယံဖြစ်သည်အထိ အောင်မြင်ခဲ့ကြသည်။

ယခုအခါ ကျေးလက်လူငယ်လူရွယ်များ နွေရာသီအားလပ်ရက် အထွေထွေဗဟုသုတတိုးပွားရေး၊ စာပေလိုက်စားရေးအတွက် ယခုကဲ့သို့ စာကြည့်တိုက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။ ဇေယျာရွှေမြေ မီဒီယာတာဝန်ခံ ကိုနေမန်း၏ နေအိမ်တွင် အခြေစိုက်ဖွင့်လှစ်သည့် အဆိုပါစာကြည့်တိုက်သို့ ရန်ကုန်စိတ်ကူးချိုချိုစာပေ၊ မန္တလေးလူထုနှင့် ထွန်းဦးစာပေ၊ စစ်ကိုင်းရွှေနှင်းဆီစာပေ၊ မုံရွာအဓိပတိနှင့် ချင်းတွင်းအိမ်စာပေတို့မှ လည်းကောင်း၊ စာရေးဆရာ ညီပုလေး၊ ရဲသျှမ်း၊ ကျော်ဆန်း (သံဘိုကျွန်း)၊ မင်းဆွေနှစ်(မုံရွာ)၊ မောင်ဖူလုံ (ပုသိမ်ကြီး)၊ သိုက်ထွန်းသက်၊ ညိုထွန်းလူတို့က ၎င်းတို့ကိုယ်တိုင်ရေးစာအုပ်များ ပူးပေါင်းထည့်ဝင် လှူဒါန်းခဲ့ကြောင်း သိရသည်။

(၁၀၇)

ချန်ပီယံလိဂ် ဗိုလ်လုပွဲ လက်မှတ်ဈေးကြီးမြင့်မှု ယူအီးအက်ဖ်အေဥက္ကဋ္ဌ တောင်းပန်

လန်ဒန် ဧပြီ ၂၃

အင်္ဂလန်နိုင်ငံ ဝင်ဘလေကွင်း၌ လာမည့် မေ ၂၈ ရက်တွင် ကျင်းပမည့် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲအတွက် လက်မှတ်ဈေးနှုန်းများ ကြီးမြင့်နေမှုနှင့် ပတ်သက်၍ ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီက ပရိသတ်များကို တောင်းပန်စကား ဆိုလိုက်သည်။

အဆိုပါဗိုလ်လုပွဲအတွက် ဈေးအသက်သာဆုံးလက်မှတ်မှာ ၁၇၆ ပေါင်ဖြစ်ပြီး ကလေးတစ်ဦးပါ ခေါ်ခွင့်ရမည့် စုံတွဲအတွက် လက်မှတ်တစ်စောင်မှာ ၃၃၈ ပေါင်ဖြစ်သည်။ ထိုသို့ လက်မှတ်များ ဈေးနှုန်းကြီးမြင့်နေမှုအပေါ် ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီက ယခုကဲ့သို့ ဈေးကြီးမြင့်မှုမှာ မဖြစ်သင့်ကြောင်း၊ ကောင်းသည့်အရာလည်း မဟုတ်ကြောင်း၊ သို့သော် ချန်ပီယံလိဂ်ဗိုလ်လုပွဲအတွက် ဈေးနှုန်းသတ်မှတ်ရသည်မှာ လွယ်သည့်ကိစ္စမဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် လက်မှတ်မှောင်ခိုဈေးကွက် ပျောက်ကွယ်သွားအောင် ကြိုးပမ်းနေသကဲ့သို့ နောက်နောင်တွင် ယခုကဲ့သို့ လက်မှတ်ဈေးကြီးမြင့်မှု မရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အင်တာနက်။

ယူအီးအက်ဖ်အေဥက္ကဋ္ဌ ပလာတီနီ(ယာ)နှင့်လန်ဒန်မြို့တော်ဝန်ဘောရစ်ဂျွန်ဆင်တို့ ချန်ပီယံလိဂ် ဆုဖလားကြီးနှင့်အတူ။

လီဗာပူးအသင်း တစ်နှစ် ပေါင် ၂၅ သန်းဖြင့် စပွန်ဆာစာချုပ်သစ် ချုပ်ဆို

လီဗာပူး ဧပြီ ၂၃

ပရီမီယာလိဂ်တွင် ရလဒ်ကောင်းများရရှိရေးအတွက် ရုန်းကန်နေရသည့် လီဗာပူးအသင်းသည် ပေါင် ၂၅ သန်းဖြင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုနိုင်ခဲ့ပြီဟု ဆိုသည်။

Warior Sport အနေဖြင့် လက်ရှိ လီဗာပူးအသင်းကို စပွန်ဆာပေးထားသည့် adidas ၏ နေရာကို ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် စတင်လွှဲပြောင်းရယူမည်ဖြစ်သည်။ လီဗာပူးအသင်းသည် adidas နှင့် လက်ရှိစာချုပ်မှာ တစ်နှစ်ပေါင် ၁၂ သန်းသာ ရရှိသည်။ အသင်းတာဝန်ရှိသူများအနေဖြင့် adidas ကို Warior Sport နှင့်အပြိုင် စပွန်ဆာစာချုပ်သစ်အတွက် ကမ်းလှမ်းခဲ့သော်လည်း ပေါင် ၂၅ သန်းအထိ တိုးမြှင့်ပေးရန် ဆန္ဒမရှိဟု ဆိုသည်။

လက်ရှိ လီဗာပူးအသင်း၏ ဂျာစီများမှာ တစ်နှစ်လျှင် ကိုးသိန်းခန့် ရောင်းချနေရ၍ စတုတ္ထရောင်းအားအကောင်းဆုံးအဖြစ် ရပ်တည်လျက်ရှိနေသည်။ လီဗာပူးအသင်း၏ ယခုစာချုပ်အသစ်မှာ အင်္ဂလန်ဘောလုံးလောက၏ စံချိန်သစ်တစ်ရပ်လည်းဖြစ်လာခဲ့သည်ဟု ဆိုသည်။ လီဗာပူးအသင်းပိုင်ရှင် ဂျွန်ဟင်နရီက အသင်း၏ ဝင်ငွေများအားလုံးကို အသင်းအောင်မြင်ရေးအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လာမည့်နွေရာသီတွင် အသင်းအတွက် လုံလောက်သည့် ကစားသမားခေါ်ယူဖြည့်တင်းမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အင်တာနက်။

ရိုးမားအသင်း၏ အစုရှယ်ယာများကို အမေရိကန်ကုမ္ပဏီတစ်ခု ဝယ်ယူ

ရောမ ဧပြီ ၂၃

အီတလီစီးရီးအေကလပ် ရိုးမားအသင်း၏ အစုရှယ်ယာ ၆၇ ရာခိုင်နှုန်းကို သောမတ်စ်ဒီဘီနီဒက်တို ဦးဆောင်သည့် အမေရိကန်ကုမ္ပဏီတစ်ခုက ပေါင် ၆၂ သန်းဖြင့် ဝယ်ယူခဲ့သည်ဟု သတင်းများတွင် ဖော်ပြထားသည်။

ထို့ကြောင့် ရိုးမားအသင်းကို သောမတ်စ်ဒီဘီနီဒက်တိုက အပြည့်အဝထိန်းချုပ်ခွင့်ရရှိတော့မည် ဖြစ်ခြင်းကြောင့် ရိုးမားအသင်းသည် အီတလီစီးရီးအေတွင် ပထမဦးဆုံးသော နိုင်ငံခြားသားပိုင်ကလပ်တစ်ခု ဖြစ်လာခဲ့ရသည်။

ဖန်ဝေအားကစားအုပ်စုတွင်လည်း အစုရှယ်ယာများ ထည့်ဝင်ထားသည့် သောမတ်စ်ဒီဘီနီဒက်တိုက ရိုးမားအသင်းကို အကောင်းဆုံးပြင်ဆင်ပြီး ကမ္ဘာ့အကောင်းဆုံးအသင်းဖြစ်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ စီးရီးအေတွင်သာမက အခြားဥရောပပြိုင်ပွဲများတွင်ပါ အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့်ဘောလုံးရာသီတွင် ချယ်လ်ဆီးနည်းပြအန်ဆန်လော့တီကို ရိုးမားနည်းပြအဖြစ်ခန့်အပ်ရန် ကမ်းလှမ်းမှုပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

ဟန်သစ်

ဘင်နီတက်ဇ် ပရီမီယာလိဂ်သို့ တစ်ကျော့ပြန်ရောက်ဖွယ်ရှိ

လန်ဒန် ဧပြီ ၂၃

လက်ရှိအသင်းလက်မဲ့ဖြစ်နေသည့် လီဗာပူးနည်းပြဟောင်း ဘင်နီတက်ဇ်သည် ဖာနန်ဒိုတောရက်စ်ကို အကြောင်းပြု၍ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးသို့ ရောက်လာဖွယ်ရှိနေကြောင်း သိရသည်။

ပရီမီယာလိဂ်သို့ တစ်ကျော့ပြန်ရောက်ရှိလာဖွယ်ရှိနေသည့် ဘင်နီတက်ဇ်။

ဘင်နီတက်ဇ်အနေဖြင့် လီဗာပူးအသင်းကို ကိုင်တွယ်စဉ် ပြည်တွင်းလိဂ်၌ အောင်မြင်မှုမရရှိခဲ့သော်လည်း ၂၀၀၅ ခုနှစ်က လီဗာပူးအသင်းအား ချန်ပီယံလိဂ်ဖလားရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ် လိုချင်သည်မှာလည်း ထိုချန်ပီယံလိဂ်ဖလားပင်ဖြစ်သည်။ ယင်းအပြင် ချယ်လ်ဆီးအသင်းသည် လာမည့်နွေရာသီတွင် ဒရော့ဘာကို ရောင်းထုတ်ပြီး ပေါင်သန်း ၅၀ တန် ဖာနန်ဒိုတောရက်စ်ကို အဓိကတိုက်စစ်မှူးအဖြစ် အသုံးပြုရန်ရှိနေသည်။

ဖာနန်ဒိုတောရက်စ်သည် လီဗာပူးအသင်းတွင် ရှိခဲ့စဉ် နည်းပြဘင်နီတက်ဇ်လက်အောက်၌ သုံးရာသီအတွင်း ၇၂ ဂိုးသွင်းပေးနိုင်ခဲ့ပြီး ဘင်နီတက်ဇ် မရှိတော့သည့်နောက်ပိုင်းတွင် လီဗာပူးအတွက် ၎င်း၏သွင်းဂိုးမှာ ၁၀ ဂိုးပင် မပြည့်တော့ပေ။ သို့အတွက်ကြောင့် လာမည့်ဘောလုံးရာသီတွင် ဖာနန်ဒိုတောရက်စ်ကို အဓိကထားသုံးမည့် ချယ်လ်ဆီးအနေဖြင့် ဘင်နီတက်ဇ်ကို လက်ရှိနည်းပြ အန်ဆန်လော့တီ၏နေရာတွင် အစားထိုးလာနိုင်သည်ဟု မီဒီယာများက ဝေဖန်သုံးသပ်နေကြခြင်းဖြစ်သည်။ ***အင်တာနက်။***

အထက်ပိုင်းဒေသများ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဧပြီ ၂၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရေဝတီတိုင်းဒေသကြီးတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ မြင်းခြံမြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ရွှေဘိုမြို့တွင် ၁ ဒသမ ၉၆ လက်မ၊ မိတ္ထီလာမြို့တွင် ၁ ဒသမ ၀၆ လက်မနှင့် ရမည်းသင်းမြို့တွင် သုည ဒသမ ၈၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ဧပြီ ၂၄ ရက်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၃၄) ရလဒ်များ

မန်ယူ	၁	-	၀	အဲဗာတန်
ဗီလာ	၁	-	၁	စတုတ်စီးတီး
ဘလက်ပူး	၁	-	၁	နယူးကာဆယ်
လီဗာပူး	၅	-	၀	ဘာမင်ဂမ်
ဆန်းဒါးလန်း	၄	-	၂	ဝီဂန်
စပါး	၂	-	၂	ဝက်စ်ဘရွန်း
ဝုလ်ဗာဟမ်တန်	၁	-	၁	ဖူလ်ဟမ်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဧပြီ ၁၈ ရက်က ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရန် ဦးသိန်းဂျော်-ဒေါ်မာမာနွယ်တို့အား အမှူးထား၍ သမီး ဒေါ်နီမာဂျော်၊ မြေး မပန်းခြူးခြူးလွင်တို့က ရွှေ ၁၀ သားအတွက် အလှူငွေကျပ်သိန်း ၆၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်ပီလက်ခံစဉ်။ (ကြေးမုံ)

ကုန်သည်/စက်မှုအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ဦးဆောင်သော မြန်မာဖက်ရှင်ဒီဇိုင်နာအဖွဲ့ ဖက်ရှင်ပြပွဲတက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ကုန်စည်ပြပွဲကော်မတီအတွင်းရေးမှူး ဦးမျိုးသန့် ဦးဆောင်သော အဖွဲ့ဝင် ၃၀ ပါဝင်သည့် မြန်မာဖက်ရှင်ဒီဇိုင်နာအဖွဲ့သည် ထိုင်းနိုင်ငံ Ministry of Commerce, Department of Export Promotion(DEP)၏ ဖိတ်ကြားချက်အရ ဗန်ကောက်မြို့တွင် ဧပြီ ၂၀ ရက်မှ ၂၄ ရက်ထိ ကျင်းပမည့် Bangkok International Fashion Fair and Bangkok International Leather Fair 2011(BIFF, BIL 2011) သို့ တက်ရောက်ရန် ဧပြီ ၁၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ ကုန်သည်/စက်မှုအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်၊ ကုန်စည်ပြပွဲ ကော်မတီဝင် ဒေါက်တာသင်းနွယ်ဝင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင် နှုတ်ဆက်ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ကုန်သည်/စက်မှု)

အာရှမြို့တော်များ စစ်တုရင်ပြိုင်ပွဲယှဉ်ပြိုင်ရန်ထွက်ခွာ

ရန်ကုန် ဧပြီ ၂၃

ဧပြီ ၂၁ ရက်မှ ၂၉ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် အာရှမြို့တော်များ စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးမောင်မောင်လွင် ခေါင်းဆောင်သော မြန်မာစစ်တုရင်အားကစားအဖွဲ့သည် ဧပြီ ၂၀ ရက်ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာစစ်တုရင် အားကစားအဖွဲ့အား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာစစ်တုရင်အားကစားအဖွဲ့တွင် ဇော်ဦး(ကာကွယ်ရေး)၊ ဝင်းဇော်ထွန်း(လယ်/ဆည်)၊ ကျော်လင်းနိုင်(သစ်တော)၊ ညီညီလွင်(လယ်/ဆည်)၊ စည်သူ(လယ်/ဆည်)တို့ လိုက်ပါသွားကြောင်းသိရသည်။ (ကြေးမုံ)

ငါးသယံဇာတထိန်းသိမ်းရေး ဟောပြောပွဲအခမ်းအနားကျင်းပ

ဒေးဒရဲ ဧပြီ ၂၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်နှင့် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ အနီးကပ်မှာကြားချက်ဖြင့် ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းထိုက်နှင့် ဝန်ထမ်းများသည် ဆားကျင်းကျေးရွာအတွင်းရှိ ကမ်းနီးရေလုပ်ငန်းရှင်များ၊ ငါး/ပုစွန်အဝယ်ဒိုင်များ၊ အင်းလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့် တွေ့ဆုံ၍ ငါးသယံဇာတထိန်းသိမ်းရေးအတွက်လည်းကောင်း၊ ငါးမျိုးများပြုန်းတီးမှုမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ ငါးရစ်/ငါးသန်ကာလ ကျရောက်ချိန်တွင် ငါးမဖမ်းဆီးရေး၊ ဘတ်ထရီရှော့တိုက် ငါးဖမ်းခြင်း၊ ဓာတုဆေးဝါး/ပိုးသတ်ဆေးများဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ရန်၊ ဌာနမှတားမြစ်ထားသော ငါးဖမ်းပိုက်များဖြင့် မဖမ်းဆီးရန်၊ ဇာပြာပိုက်၊ ဖော့ဇာပိုက်များဖြင့် ငါးဖမ်းဆီးခြင်းမပြုရန်၊ အရွယ်မမီသည့် ကဏန်း၊ ငါးရှဉ့်များ ဖမ်းဆီးခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း မပြုရန်၊ ငါးသလောက်နှင့် ပတ်သက်၍ လအလိုက် ဖမ်းဆီးရရှိမှုအခြေအနေ၊ ဥတည်မှုအခြေအနေ၊ ဥချသားပေါက်သည့်နေရာ၊ ကြီးပြင်းရာနေရာ၊ နေထိုင်ကျက်စားမှုနေရာများနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းမှုများပြုလုပ်ခြင်း၊ ဥကပ်ပုစွန်များမဖမ်းဆီးရန်နှင့် ငါး၊ ပုစွန်ဝယ်ယူစုဆောင်းသူများအပြင် ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးပိ၊ ငံပြာရည်အစရှိသည့် ရေထွက်ပစ္စည်း ဝယ်ယူစုဆောင်းသူများအားလုံး ရောင်းဝယ် စုဆောင်းခွင့်လိုင်စင်ရှိမှသာ လုပ်ငန်းလုပ်ကိုင်ကြရန်နှင့် ရေထွက်ပစ္စည်း အသေးစားပြုပြင်မွမ်းမံခြင်း လုပ်ငန်းများအနေဖြင့်လည်း လုပ်ငန်းလိုင်စင်ရယူကြရန်၊ ရေထွက်ပစ္စည်းများ တင်ပို့ရာတွင် မျှောစာများဖြင့်သာတင်ပို့ရန်၊ ရေလုပ်ငန်းလုပ်ကိုင်သူများအားလုံး ရေလုပ်သားမှတ်ပုံတင်ကတ်များ လက်ဝယ် ကိုင်ဆောင်ထားရှိရန်တို့ကို မတ် ၇ ရက် တွင် ဆားကျင်းကျေးရွာ သစ္စာအောင်မြေကျောင်းတိုက် ဓမ္မာရုံ၌ ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)

စုပေါင်းငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ မြောက်ဥက္ကလာပ၌ ကျင်းပ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် ဣန္ဒာပိုင်း လူမှုကူညီရေးအကျိုးဆောင်အဖွဲ့၏ (၁၁)ကြိမ်မြောက် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက်(နှစ်ဆန်းတစ်ရက်နေ့)တွင် ဣန္ဒာဓမ္မာရုံလမ်းမကြီး၌ ကျင်းပသည်။

ဆက်လက်၍ မေတ္တာဦးစေတီတော်၌ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကျင်းပရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ ဣန္ဒာပိုင်းတာဝန်ခံနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြပြီး အလှူရှင်များက အဘိုး၊ အဘွား ၄၈ ဦးအား အလှူငွေနှင့် လက်ဆောင်ပစ္စည်းများ လှူဒါန်းပူဇော်ကန်တော့၍ အဘိုး၊ အဘွားများကိုယ်စား အဘိုးဦးစိုးလွင်အောင်က ဆုံးမဩဝါဒစကားပြောကြားကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်နေ ဗိုလ်မှူးထွန်းလင်းအောင်-ဒေါက်တာမေဇင်နွယ်တို့က မင်္ဂလာဦးအလှူအတွက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်ငြိမ်းလက်ခံစဉ်။ (ကြေးမုံ)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မော်လမြိုင်ကျွန်း၌ ညောင်လိမ်တံတားဖွင့်

မော်လမြိုင်ကျွန်း ဧပြီ ၂၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ညောင်လိမ်ကျေးရွာ ချောင်းကူး အာစီကွန်ကရစ်အမျိုးအစား ညောင်လိမ်တံတားသစ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် နံနက် ၈ နာရီက ညောင်လိမ်တံတားသစ်၌ ကျင်းပရာ တံတားအလှူရှင် မော်လမြိုင်ကျွန်းမြို့နေ ဦးမောင်ငြိမ်း-ဒေါ်ရင်လှ ပါရမီစက်မှုလုပ်ငန်းနှင့် ဆုအထည်ဆိုင်နှင့် တံတားတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အလှူရှင် ဦးမောင်ငြိမ်း မိသားစု ဆောက်လုပ်လှူဒါန်းသော မော်လမြိုင်ကျွန်းမြို့နယ် ကြိမ်ချောင်းကျေးရွာ ချောင်းကူး အာစီကွန်ကရစ်အမျိုးအစား ကြိမ်ချောင်းတံတားသစ်ဖွင့်ပွဲကို နံနက် ၁၀ နာရီတွင် ကျင်းပရာ တံတားအလှူရှင် ဦးမောင်ငြိမ်း-ဒေါ်ရင်လှနှင့် တံတားဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌဦးသက်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** (၃၆၄)

မြို့နယ်တစ်ခွင် သာယာစည်ပင်

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သည့် အထကအဝင်လမ်းဖွင့်ပွဲကို မတ် ၂၄ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အရာရှိတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ရန်ကုန်-ပြည်လမ်းဘေးဝဲ/ယာတစ်လျှောက်တွင် ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်သိမ်းဆည်းခြင်းဆောင်ရွက်နေမှုကို မတ် ၁၆ ရက်က အမှုဆောင်အရာရှိ ဦးတင်ကိုကို ကြီးကြပ်ဆောင်ရွက်စဉ်။

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၂၈ ရက်တွင် ဇာတ်တိုက်လေ့ကျင့်စဉ်။

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အေးသာယာမြို့ အမှတ်(၅)ရပ်ကွက်အတွင်း ကျောက်စိမ်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းအမှတ်စဉ်(၈/၁၁)
Diploma in Teacher Education Competency Training
သင်တန်းသားများ ခေါ်ယူခြင်း

၁။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာရေးကောလိပ်များတွင် ဖွင့်လှစ်မည့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်း အမှတ်စဉ်(၈/၁၁)သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ **အခြေခံပညာကျောင်းသင်ဘာသာရပ်ဆိုင်ရာ** ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)၊ ဝိဇ္ဇာဘွဲ့(ပထဝီဝင်)၊ ဝိဇ္ဇာဘွဲ့(သမိုင်း)၊ စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)၊ စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)၊ သိပ္ပံဘွဲ့(သင်္ချာ)၊ သိပ္ပံဘွဲ့(ရူပဗေဒ)၊ သိပ္ပံဘွဲ့(ဓာတုဗေဒ)၊ သိပ္ပံဘွဲ့(ရုက္ခဗေဒ)၊ သိပ္ပံဘွဲ့(သတ္တဗေဒ)နှင့် ယဉ်ကျေးမှုတက္ကသိုလ်အတွက် ဝိဇ္ဇာဘွဲ့(ပန်းချီ)၊ ဝိဇ္ဇာဘွဲ့(ဂီတ) တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(ဂ) ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်တွင် အသက် (၂၅) နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်အနည်းဆုံး ၂ နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် (၃၀) နှစ်ထက်မကြီးသူဖြစ်ရမည်။

(င) စေလွှတ်သည့် ပညာရေးကောလိပ်သို့ တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံပါမိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်း ထောက်ခံစာပူးတွဲတင်ပြရမည်။ မွေးသက္ကရာဇ် အထောက်အထားအတွက် လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်မိတ္တူကို ပူးတွဲတင်ပြရမည်။

၄။ ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ရုံး၊ ဌာနဆိုင်ရာအကြီးအကဲ၏ **ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာနှင့် ဌာနခွင့်ပြုချက်တို့ကိုပါ** ပူးတွဲတင်ပြရမည်။ ဝန်ထမ်းများသည် လစာမဲ့ခွင့်ဖြင့် သင်တန်းတက်ရပါမည်။

၅။ သင်တန်းကာလမှာ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်မှ ၂၀၁၂ ခုနှစ် ဩဂုတ်လလယ်အထိ ဖြစ်ပါသည်။ သင်တန်းကြေးအဖြစ် တစ်လလျှင် ကျပ်(၁၅၀၀) ပေးသွင်းရပါမည်။

၆။ သင်တန်းအောင်မြင်ပြီးသူများအား ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာလက်မှတ် (Diploma in Teacher Education Competency) ချီးမြှင့်ပေးပြီး မူလတန်းပြအဖြစ် စတင်ခန့်ထားပေးမည်။

၇။ အင်္ဂလိပ်စာဘာသာနှင့် အထွေထွေ ဗဟုသုတ ရေးဖြေစာမေးပွဲများကို ၂၀၁၁ ခုနှစ်၊ ဇွန် လ ၁၁ ရက်တွင် သက်ဆိုင်ရာ ခရိုင်ရုံးစိုက်ရာ မြို့နယ်ပညာရေးမှူးရုံးများ၌ စစ်ဆေးမည် ဖြစ်ပါသည်။

၈။ ရွေးချယ်ခံရသူများသည် သက်ဆိုင်ရာ ပညာရေးကောလိပ်သို့ ရောက်ရှိချိန်တွင် ဆရာတစ်ဦးတွင် ရှိသင့်ရှိထိုက်သည့် သွင်ပြင်လက္ခဏာအင်္ဂါရပ်နှင့် ကျန်းမာရေးအခြေအနေတို့ကို လူတွေ့စစ်ဆေးခံရမည်ဖြစ်ပါသည်။ ဆရာတစ်ဦး၏ အင်္ဂါရပ် အရည်အချင်းနှင့် ပြည့်စုံမှုမရှိဟု သတ်မှတ်ခံရပါက သင်တန်းတက်ရောက်ခွင့်စာရင်းမှ ပယ်ဖျက်မည်ဖြစ်ပါသည်။ အသက် ထောက်ခံချက်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်းကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ လျှောက်ထားသူများသည် ပူးတွဲပါ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင် ပြူစုရေးသား ဖြည့်သွင်းထားသော လျှောက်လွှာ(၃)စုံတွင် ၆ လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ [မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်နှင့် ဓာတ်ပုံ(၁)ပုံ၊ မျက်မှန်မပါ ဓာတ်ပုံ (၁)ပုံ]တို့ကိုကပ်၍ ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူးရုံးများသို့ ၂၀၁၁ ခုနှစ်၊ မေလ ၁၉ ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

ဘိုဝင်း
ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ။ ။ ၂၀၁၁ခုနှစ်၊ ဧပြီလ ၂၄ရက်

၂၀၁၁-၂၀၁၂ ပညာသင်နှစ်
လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာသင်တန်း
အမှတ်စဉ်(၈/၁၁)သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ် - - - - - - - - - ခုနှစ် - - - - - - - - - - လ - - - - - - - - - - ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ခုနှစ် - - - - - - - - - - ခုံအမှတ် - - - - - - - - - - - - - -
စာစစ်ဌာနနှင့်ပြည်နယ်/တိုင်းဒေသကြီး -

၄။ ဘွဲ့အမည်နှင့်အဓိကယူခဲ့သည့်ဘာသာ -
အောင်မြင်ခဲ့သည့်တက္ကသိုလ်နှင့်ခုနှစ် -

၅။ အခြားသင်တန်းများသို့ လျှောက်ထားခြင်းရှိ/မရှိ -
ရှိပါကသင်တန်းအမည် -

၆။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည် -
နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -

၇။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ -
- -

၈။ မူလတန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

- - - - - - - - - - - - -
လျှောက်ထားသူလက်မှတ်

ရက်စွဲ။ ၂၀၁၁ ခုနှစ်၊ - - - - - လ၊ - - - - - ရက်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ တိုက်အမှတ်(၇၅)၊ အခန်းအမှတ်(၅) တိုက်ခန်းနှင့်တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဒေါ်တင်ရီရီ [၁၂/ရကန(နိုင်) ၀၅၂၆၈၀]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများယနေ့မှ (၇)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအောင်ဘော်(လိုင်စင်-၄၀၃၅) **ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
LL.B, DBL, DML, DIL, DLP, WIPO(Switzerland) **B.Sc, Hon (IC),HGP, R.L, D.B.L**
တရားရုံးချုပ်ရှေ့နေများ
အမှတ်၂၇(က)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
Tel;294866, 294766, HP;09-5017044, 0973107094

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန သင်တန်းများဖွင့်လှစ်ခြင်း

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူး၍ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းကျောင်းမှ အောက်ဖော်ပြပါသင်တန်းများကို ၂-၅-၂၀၁၁ ရက်မှ ၂၄-၆-၂၀၁၁ ရက်ထိ ရက်သတ္တ(၈)ပတ် ဖွင့်လှစ်ပါမည်။

စဉ်	သင်တန်းဘာသာရပ်	အနည်းဆုံးပညာအရည်အချင်း
၁။		
၁.၁။	Certificate in Hotel Supervision(Accounting) ဟိုတယ်ထိန်းသိမ်းမှုဆိုင်ရာကြီးကြပ်ရေးသင်တန်း(ဘဏ္ဍာရေး)	Economics Graduate(or)Any Graduate with Accounting Knowledge စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့)စာရင်းကိုင်ပညာအခြေခံ ကျွမ်းကျင်သူ ဘွဲ့ရဖြစ်ရပါမည်။
၁.၂။	Certificate in Hotel Supervision(Room Division) ဟိုတယ်ထိန်းသိမ်းမှုဆိုင်ရာကြီးကြပ်ရေးသင်တန်း (အိပ်ခန်းဆောင်ဌာနကြီး)	Any Graduate, having passed one basic Divisional Courses by HTTC (or) any graduate with One year Industry experience ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာနမှ သက်ဆိုင်ရာဌာနကြီး၏ အခြေခံသင်တန်းတစ်ခု အောင်မြင်ပြီးသူ/ဘွဲ့ရသူ(သို့)တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိ ဘွဲ့ရရှိသူ ဖြစ်ရပါမည်။
၁.၃။	Certificate in Hotel Supervision (F&B Division) ဟိုတယ်ထိန်းသိမ်းမှုဆိုင်ရာကြီးကြပ်ရေးသင်တန်း (စား/ဖျော်ဌာနကြီး)	Any Graduate, having passed one basic Divisional Courses by HTTC (or) any graduate with One year Industry experience ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာနမှ သက်ဆိုင်ရာဌာနကြီး၏ အခြေခံသင်တန်းတစ်ခု အောင်မြင်ပြီးသူ/ဘွဲ့ရသူ(သို့) တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိ ဘွဲ့ရရှိသူ ဖြစ်ရပါမည်။
၂။	Certificate in Front Office Operations (ဧည့်ကြိုလုပ်ငန်းသင်တန်း)	Second Year/Graduate ဒုတိယနှစ်၊ ဘွဲ့ရများ
၃။	Certificate in Housekeeping Operations (အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း)	Matriculation နှင့်အထိ တက္ကသိုလ်ဝင်တန်း
၄။	Certificate in Food and Beverage Service (အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း)	Matriculation နှင့်အထိ တက္ကသိုလ်ဝင်တန်း
၅။	Certificate in Food and Beverage Production (အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေးသင်တန်း)	Matriculation နှင့်အထိ တက္ကသိုလ်ဝင်တန်း
၆။	Certificate in Oriental Food Cookery (အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း)	ဤသင်တန်းဌာနမှ F&B Production သင်တန်းတက်ရောက်ပြီးသူ ဖြစ်ရမည်။
၇။	Certificate in Micros Opera Hotel Management	Matriculation နှင့်အထိ တက္ကသိုလ်ဝင်တန်း

လျှောက်ထားသူအားလုံး အသက်(၁၇)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ ပူးတွဲတင်ရမည်။ သင်တန်းအောင်မြင်သူများကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပါမည်။ အသေးစိတ်ကို သင်တန်းဌာန ကြော်ငြာသင်ပုန်းတွင် ကပ်ထားပါမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၄၉၂၅၅၊ လိုင်းခွဲ-၅၇၀၉



စွမ်းစွမ်းကိုခေါ်ပါ

TV & Computer နှင့် Air Con ရေခဲသေတ္တာ၊ အဝတ်လျှော်စက် အိမ်အရောက်ပြုပြင်ပေးသည်။ အိမ်သုံးလျှပ်စစ်ပစ္စည်း အဟောင်းအပျက်များ ဝယ်သည်။
ဖုန်း-၀၉-၇၃၀၀၈၈၇၆၊ ၅၄၀၇၉၅

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်အေးဝင်း(ခ)ဆိုဖီရာ၏သား မောင်မျိုးအောင် [၁၀/ကမရ(နိုင်)၀၆၃၆၇၆]သည် မိခင်အား အကြိမ်ကြိမ်အခါခါ ဒုက္ခပေးပါသဖြင့် ၂-၄-၂၀၁၁ ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မောင်မျိုးအောင်နှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။
မိခင်-ဒေါ်အေးဝင်း
[၁၀/ကမရ(နိုင်)၀၆၂၀၂၇]

မီး သတိပြု

အမြန်ပြန်လာပါ

ကျွန်တော်၏ဇနီးဖြစ်သူ မအိအိမွန်[၁၂/စခန(နိုင်)၀၆၅၁၂၆] သည် နေအိမ်မှ ဆင်းသွားပါသဖြင့် အမြန်ပြန်လာပါရန်နှင့် လက်ခံဖြားယောင်း သွေးဆောင်ထားသူများအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
တင်ဆွေဦး(ခ)နိုင်နိုင် [၁၂/စခန(နိုင်)၀၅၈၆၅၄]
အမှတ်(၁၂)၊ ဝေဠုဝန်(၅)လမ်း၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

Royal Four Sea Service Co.,Ltd.
(ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီနှင့်အများသိစေရန်ကြေညာခြင်း)

ဦးစိန်လှ(MD) Royal Four Sea Service Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

(၁) Royal Four Sea Service Co.,Ltd သည် ပြည်ပအလုပ်အကိုင်ရှာဖွေရေး Agency အဖြစ် အလုပ်သမားဝန်ကြီးဌာနတွင် လိုင်စင်အမှတ် ၅၅/၂၀၁၁ ဖြင့် မှတ်ပုံတင်ပြီး အလုပ်သမားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများသို့ (ကျွမ်းကျင်/အထွေထွေ)အလုပ်သမားများ စေလွှတ်လျက်ရှိပါသည်။

(၂) ကျွန်ုပ်တို့ ကုမ္ပဏီ၏ ကောင်းသတင်းကျော်စောမှုများ(Good Will)အပေါ် မသမာသူအချို့တို့မှ ကျွန်ုပ်တို့ ကုမ္ပဏီ၏ Letter Head၊ ကုမ္ပဏီ Business Card နှင့် ကြော်ငြာကတ်များကို ကူးယူ၍သော်လည်းကောင်း၊ ကုမ္ပဏီ၏ နာမည်ကို အလွဲသုံးစားပြု၍ ပြည်ပသို့ အလုပ်သမားများကို ကုမ္ပဏီမှ မသိရှိဘဲ ၎င်းတို့၏ သဘောအတိုင်းစေလွှတ်လျက်ရှိကြောင်း စုံစမ်းသိရှိရပါသည်။

(၃) ကျွန်ုပ်တို့ကုမ္ပဏီအနေဖြင့် အခြားမြို့နယ်များတွင် Agent (နယ်ကိုယ်စားလှယ်)ထားရှိခြင်း၊ ကုမ္ပဏီရုံးခွဲများထားရှိခြင်း လုံးဝ(လုံးဝ)မရှိပါ။ Royal Four Sea Service Co.,Ltd မှ စေလွှတ်ထားသူဟု လိမ်လည်ပြောဆိုလာခဲ့ပါက အောက်ပါ ကုမ္ပဏီဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အကြောင်းကြားသတင်းပေးပါက အဆိုပါသတင်းပေးသူအား ကုမ္ပဏီအနေဖြင့် ထိုက်တန်စွာဆုများ ပေးအပ်ချီးမြှင့်ပေးမည်ဖြစ်ပါသည်။ သတင်းစာပါ ကြော်ငြာပါသည့်နေ့မှစ၍ မသမာသူများအား တည်ဆဲပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

မှတ်ချက်။ ။ ကုမ္ပဏီနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသည့် ပြည်ပအလုပ်အကိုင် ဆောင်ရွက်ခြင်းများအား ကုမ္ပဏီမှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

ဦးစိန်လှ(မန်နေဂျင်းဒါရိုက်တာ)၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ဝင်းနိုင်H.G.P, R.L.II
အထက်တန်းရှေ့နေ(ပြစ်မှုဆိုင်ရာဂုဏ်ထူး)
လိုင်စင်အမှတ်-၁၇၅၄၇၊ ကုမ္ပဏီ၏ ဥပဒေအကြံပေး
အမှတ်-၃၄၈၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၂၄၄၉၊ ၀၁-၅၅၂၁၁၆၊ ၀၁-၅၅၇၉၁၆

ပြန်လည်ဖြေရှင်း အသိပေးကြေညာခြင်း

၁၅-၄-၂၀၁၁ရက် ကြေးမုံသတင်းစာတွင် ဦးကျော်မြင့်နှင့် သားသမီးများ ကြေညာခြင်းအပေါ်တွင် ကျွန်တော်ဦးကျော်မြင့် သားမောင်ဝင်းမင်းထိုက်၊ သမီး မခိုင်သန္တာကလျာကျော်၊ မောင်ဇေယျာထိုက်၊ မောင်ရဲမင်းထိုက်နှင့် ကျန်ရှိသော အစ်မ၊ အဒေါ်၊ တူ၊ တူမများနှင့် ညှိနှိုင်းဖြေရှင်း၍ ပြေလည်မှုရရှိပြီး ဖြစ်ပါသဖြင့် ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်မြင့်နှင့် သားသမီးများ
အမှတ်(၁၂)၊ သာယာကုန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

၁၅-၄-၂၀၁၁ရက်ပါ တရားရုံးချုပ်ရှေ့နေ ဒေါ်မိမိလှိုင်၏ ကြော်ငြာတွင်ပါရှိသော မြေတိုင်းရပ်ကွက်၃(အေ)၊ မြေကွက်အမှတ်(၅၂)၊ အိမ်အမှတ်(၉၁)၊ ၁၅၇လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နှင့်ပတ်သက်၍ ကန့်ကွက်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃(အေ)၊ မြေကွက်အမှတ် ၅၂၊ အကျယ်အဝန်း ပေ၃၀× ၂၈ပေရှိ အမှတ်(၉၁)၊ ၁၅၇လမ်း၊ တာမွေမြို့နယ်ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိန်စိန်(အေကေဘီ-၁၇၈၉၇၂)သည် ၁၉၈၄ခုနှစ်ကတည်းက ဝယ်ယူပိုင်ဆိုင်နေထိုင်နေသည်မှာ ယနေ့တိုင်အောင်ဖြစ်ပါသည်။ ရောင်းသူသည် ကျွန်ုပ်မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်နေထိုင်သည့် အစိတ်အပိုင်းကို လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ခြင်းမရှိပါ။ ကြော်ငြာစာပါမြေကွက်တွင် ကျွန်ုပ်၏မိတ်ဆွေများပိုင်ဆိုင်သော မြေနှင့် အကျိုးခံစားခွင့်တို့ကိုပါ အရောင်းအဝယ်ပြုလုပ်သောကြောင့် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်အေးအေးအောင် (LL.B) တရားလွှတ်တော်ချုပ်ရှေ့နေ
၁၂၁၊ ဒုထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၂၂၅၆၉၄၊ ၀၉-၅၁၆၉၁၅၈၊ ၀၉-၅၁၆၉၁၅၉၊ ၀၉-၇၃၀၄၅၆၈၇

- တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

စီမံကိန်းလုပ်ငန်းကြီးများ အကောင်အထည်ဖော်ရာတွင် ငွေကြေးသုံးစွဲမှုအပိုင်း၌ စိစစ်သုံးစွဲကြရန်လို

အလေအလွင့်ဆုံးရှုံးမှုများမရှိအောင်၊ မသမာမှုများမပြုလုပ်နိုင်အောင် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် အောက်ခြေလုပ်ငန်းခွင်အထိ အရောက်သွားပြီး စစ်ဆေးကြပ်မတ်ပြုပြင်ပေးရန်လို

နေပြည်တော် ဧပြီ ၂၃

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/ ၂၀၁၁) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ○

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/ ၂၀၁၁) ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)